ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကို ပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ်မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာရှောင်ရှားအပ်၏။

ပါဠိတော်(ဓမ္မပဒ-၁၁၇)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်၊ ကြာသပတေးနေ့။ Thursday, 12 January 2017 (၈၀၀၄)



ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့

## ၂၀၁၆(ဒီဇင်ဘာလ)အတွင်း ပြည်ပဧည့်သည် ခုနစ်သောင်းကျော် ဖူးမြော်ကြည်ညို၊ သိန်းပေါင်း ငါးထောင်ကျော် အလှူခံရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတစ်လတည်းတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ နိုင်ငံခြားသား ၇၅၀၀၀ ခန့် ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Soros Fund Management ဥက္ကဋ္ဌ ဂျော့ချ်ဆိုးရော့စ်တို့

## ဘတ်ဂျက်ရေးဆွဲရေး၊ အခွန်ကောက်ခံမှု စသည့်ကိစ္စရပ်များတွင် နည်းပညာပံ့ပိုးပေးနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Soros Fund Management ဥက္ကဋ္ဌ Mr. George Soros နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တွေ့ဆုံဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲရေး ဆိုင်ရာကိစ္စ၊ အခွန်ကောက်ခံမှုကိစ္စ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်လျှော့ချရေးနှင့် သုံးစွဲသူများအား ပြန်လည်ထူထောင်ရေးကိစ္စ၊ ကျောက်မျက်တူးဖော်ထုတ်လုပ်မှုလုပ်ငန်း ကိစ္စရပ်များတွင် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ရေး ဆွေးနွေးကြသည်။

(သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Soros Fund Management ဥက္ကဋ္ဌ Mr. George Soros အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရန်ကုန်မြို့ ဘတ်စ်ကားလိုင်းများအတွက် ခရီးသွားပြည်သူများအား ရက်သတ္တပတ်ကူညီပေးရန် စေတနာ့ဝန်ထမ်းများ ဖိတ်ခေါ်




ရန်ကုန် ဇန်နဝါရီ ၁၁

**ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ မြို့ပြဘတ်စ်ကားလိုင်းများ စနစ်သစ်ဖြင့် စတင်ပြောင်းလဲပြေးဆွဲမည်ဖြစ်ရာ အများပြည်သူများ၏ အခက်အခဲများအား ပါဝင်ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။**

အဆိုပါ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှုမှာ ဇန်နဝါရီ ၁၆ ရက်တွင် ယာဉ်လိုင်းများစတင်ပြောင်းလဲပြေးဆွဲရာ၌ ယာဉ်လမ်းကြောင်းအသစ်များနှင့်ပတ်သက်၍ အများပြည်သူများ၏ အခက်အခဲများအား ကူညီဆောင်ရွက်ပေးရန် စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ "လိုရာခရီးကို ရောက်ရှိဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်ဖြင့် စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်လျက်ရှိပြီး ဘတ်စ်ကားစနစ်သစ်နှင့် ကားမှတ်တိုင်များတွင် ကြုံတွေ့ရနိုင်သည့် အများပြည်သူများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးရန်အတွက်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီပေးလိုသူများ အနေဖြင့် Yangon Bus Service (YBS) ဖေ့စ်ဘွတ်စာမျက်နှာ www.facebook.com/yangonbus သို့လည်းကောင်း၊ မြို့နယ်အလိုက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များသို့လည်းကောင်း၊ ဝိုင်းဝန်းကူညီပါဝင်ကြမည့် သက်ဆိုင်ရာလူမှုအခြေပြုအဖွဲ့အစည်းများထံသို့လည်းကောင်း ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၆ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# မိခင်ရင်ခွင်သည်သာအေးချမ်းရာ

ယနေ့သည် ပြည်သူအများသိရှိလက်ခံထားကြသော အမေများနေ့ ဖြစ်သည်။ ဂုဏ်အင်အနန္တကျေးဇူးကြီးမားသည့် မွေးမိခင်ကို အသိအမှတ်ပြုသောအားဖြင့် အမေများနေ့ကို အမှတ်တရ အသိအမှတ်ပြုခြင်းဖြစ်သည်။ မိခင်၏အရိပ်အာဝါသ၊ မိခင်၏မေတ္တာမှာ ကြီးမားလှ၍ မှီခိုသူသားသမီးများ၏ နှလုံးဘဝင်နှင့် ရပ်တည်နေထိုင်ရမှုမှာ ချမ်းမြေ့သာယာလှသည်။

မိခင်ဟူသည် ဤကမ္ဘာမြေအတွင်းရှိ မိခင်များအားလုံးဖြစ်ကြပြီး မိမိတို့မှီတင်းနေထိုင်ရာ မွေးရပ်မြေမှာလည်း မိခင်နှင့်အလားသဏ္ဍာန်တူပေသည်။ မိခင်၏အရိပ်အာဝါသသည် အေးမြသည်ဟုဆိုထားပြီး မိခင်၏ အရိပ်အာဝါသနှင့် အလှမ်းမမီရာနေရာတွင်ရောက်နေပါမူ မေတ္တာမလွှမ်းခြုံနိုင်သော အကြင်နာတရားများနှင့် ကင်းကွာနေသကဲ့သို့ ခံစားမှုမျိုးရှိနေမည် ဖြစ်သည်။

ထို့ကြောင့် အဝေးရောက်နေသူများအဖို့ မွေးရပ်မြေလွမ်းချင်း၊ မိခင် မေတ္တာတမ်းတခြင်းတို့ရှိနေကြသည်မှာ သဘာဝပင်ဖြစ်သည်။ အမှန်ဆိုရလျှင် မိခင်ရင်ခွင်နှင့်အလားသဏ္ဍာန်တူသော မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေ သို့မဟုတ် မိခင်နိုင်ငံသည် မိခင်မေတ္တာလွှမ်းခြုံထားသကဲ့သို့ အေးချမ်းသာယာမှုကိုရရှိစေသည့် လုံခြုံစိတ်ချရသော နေရာတစ်ခုပင် ဖြစ်သည်။

နေထိုင်စားသောက်မှု၊ လုံခြုံစိတ်ချမှု၊ လိုအပ်ချက်များရရှိစေနိုင်မှု၊ ထိုက်သင့်သော လူမှုဘဝအာမခံချက်များရရှိစေမှု စသည်ဖြင့် သားသမီးများအပေါ် မိဘက အစစအရာရာ စောင့်ရှောက်မှုပေးနေသည့်ပမာ ရှိနေသည်မှာ မိခင်အရိပ်အာဝါသ သို့မဟုတ် မိခင်နိုင်ငံအတွင်း မှီတင်းနေထိုင်မှုတို့ဖြစ်သည်ကို လူတိုင်းလူတိုင်း သိရှိနားလည်ထားကြပါသည်။

ထို့ကြောင့် မိခင်များနေ့တွင် မိခင် သို့မဟုတ် အမိနိုင်ငံမှ သားသမီးသဖွယ်ဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများအား ဖြည့်ဆည်းပေးနေသော ဂုဏ်ကျေးဇူးများကို အထူးသတိရရင်း မိခင်များအား ဂါရဝပြုမိပါသည်။ ထိုမှတစ်ဖန် မိခင်၏ စောင့်ရှောက်မှုကို မရနိုင်သည့် မိခင်အရိပ်အာဝါသ မိခင်နိုင်ငံပြင်ပတစ်နေရာရောက် သားသမီးများအတွက်လည်း အထူးစိတ်မကောင်းဖြစ်မိပါသည်။

မိခင်မြန်မာနိုင်ငံ၏ပြင်ပ နိုင်ငံအသီးသီးတို့တွင် အလုပ်အကိုင်အတွက်ဖြစ်စေ၊ အခြားအကြောင်းကြောင်းတို့ကြောင့်ဖြစ်စေ သွားရောက် နေထိုင်ကြသူများမှာ ယနေ့ကာလတွင် သန်းနှင့်ချီရှိနေပါသည်။ ထိုသို့ သွားရောက်ကြသူများတွင် အဆင်ပြေသူများရှိသလို အဆင်မပြေကြသူများလည်းရှိမည်၊ လုံခြုံမှုရှိကြသူများရှိသလို မလုံခြုံစိတ်ပူပင်နေကြရသူများလည်းရှိသည်။

မိမိနိုင်ငံ၊ မိမိမွေးရပ်မြေတွင် မိမိတို့အုပ်ထိန်းသူ၊ အုပ်ချုပ်သူများနှင့်အတူ လက်တွဲနေထိုင်ရသဖြင့် နိုင်ငံသားအားလုံး တရားမျှတမှု၊ လုံခြုံစိတ်ချမှုတို့ကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်သည်။ ရေခြား မြေခြား အခြားနိုင်ငံများတွင် ထိုကဲ့သို့ ခံစားခွင့်များ အပြည့်အဝရရှိလိမ့်မည် မဟုတ်ချေ။ အချို့နိုင်ငံများတွင် ဥပဒေ၏မျက်ကွယ်ပြုခြင်း ခံကြရကာ မြန်မာနိုင်ငံသားများ လတ်တလောတွင် စိုးရိမ်ပူပန်မှုများ ရှိနေကြသည်ဟုကြားသိရသည်။

အကယ်၍ ပြည်ပနိုင်ငံတစ်နိုင်ငံတွင် မြန်မာနိုင်ငံသားများ၏ အရေးကိစ္စရှိသည်ဆိုခဲ့ပါမူ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံဆိုင်ရာ သံရုံးတို့က တတ်နိုင်သမျှဆောင်ရွက်ပေးမည်သာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအနေအထားတွင် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် အုပ်စုဖွဲ့နေထိုင်ရန်၊ မလိုအပ်ဘဲ တစ်ဦးတည်း ပြင်ပသို့ မထွက်ရန်နှင့် အချိန်မတော် သွားလာခြင်းကို ရှောင်ရှားရန်၊ အန္တရာယ်ရှိနိုင်သော သတင်းများကို နားစွင့်ထားရန်၊ ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုတတ်ရေး ကြိုးစားကြရန်၊ အသိအမှတ်ပြုနိုင်ငံကူးစာအုပ်စာတမ်းများကို ကိုယ်နှင့်မကွာ အမြဲယူဆောင်ထားရန်၊ မြန်မာသံရုံး၏ အရေးပေါ်ဖုန်းနံပါတ်ကို မှတ်သားထားရန်နှင့် သံရုံး၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မိခင်အရိပ်အာဝါသသည်သာ အကောင်းဆုံးဖြစ်၍ အခက်အခဲရှိသော ပြည်ပရောက်နိုင်ငံသားများ မိခင်နိုင်ငံ၊ မိခင်ရင်ခွင်သို့ ပြန်လာခြင်းသည်သာ လုံခြုံစိတ်ချမှုကို ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။ ။


2017
NOBEL-MYANMAR LITERARY FESTIVAL
[Creative Literature]
နိုဘယ်လ်-မြန်မာ စာပေပွဲတော်
၂၀၁၇၊ ရသစာပေ
၂၀၁၇ ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄
အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့


## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သာရဝေါ ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သာရဝေါမြို့ လျှပ်စစ်မျူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ သီတာကုန်းကျေးရွာအုပ်စု သီတာကုန်းမီးလင်းရေး ကျေးရွာနေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့လျှပ်စစ်မျူး ဦးမျိုးသိန်းဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇန်နဝါရီ ၉ ရက်တွင် လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များ ပါဝင်သည့် ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄၉၇)


စာအုပ်စာပေ
လှူမိတ်ဆွေ


## မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်(၂၀၁၆)ရေးဆွဲရေး ဒုတိယအကြိမ် စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၁**



ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရေးမူဝါဒကိုချမှတ်လျက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသော မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်း စီမံချက်ရေးဆွဲရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ်တွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် တွေ့ကြုံခဲ့ရသည့် ချင်းပြည်နယ် မြေပြိုဆည်နှင့်ပတ်သက်၍ ကြိုတင်စီမံဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းကို နမူနာယူသင့်ကြောင်း၊ မြေပြိုဆည် ကျိုးပေါက်ချိန်တွင် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သည့်အတွက် ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် နုန်းဖမ်းဆည်တည်ဆောက်ပေးခြင်းနှင့် ဆည်ကျိုးပေါက်ခဲ့ပါက ရှောင်တိမ်းရမည့်လမ်းကြောင်းကို သတ်မှတ်ပေးခြင်း၊ ပြည်သူလူထုအတွက် အရေးပေါ်ခိုလှုံရာနေရာများ စီစဉ်ပေးခြင်း၊ မြေပြိုဆည်အနီးတွင် ရေပိုလွှဲများပြုလုပ်ပေးခြင်း၊ အရေးပေါ်ဆက်သွယ်ရေးစက် (SSB)များ ကြိုတင်တပ်ဆင်ပေးခြင်းနှင့် ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကိုပါ ဆောင်ရွက်ပေးခြင်းဖြင့် မြေပြိုဆည် ကျိုးပေါက်ချိန်တွင် အတော်အတန်ကာကွယ်နိုင်သကဲ့သို့ ပြည်သူလူထု၏ ထိခိုက်ဆုံးရှုံးမှုများကိုလည်း လျော့ချပေးနိုင်ခဲ့ပါကြောင်း။

ယနေ့တွင် မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းသာမကဘဲ ဝန်ကြီးဌာနပေါင်းစုံပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်၍ ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုရေးဆွဲလျက်ရှိသည့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက်တွင် ယခင်ဘေး အတွေ့အကြုံ၏ အားသာချက်၊ အားနည်းချက်များကို နမူနာယူရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အဆင့်မှ ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်သကဲ့သို့ နိုင်ငံတကာနှင့် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ယခုအခါ သဘာဝဘေး ပုံမှန်ဖြစ်ပွားနေသည့် နိုင်ငံဖြစ်သည့်အတွက် မျှော်မှန်းနိုင်သည့်ဘေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် စီမံချက်များကို ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ယခုရေးဆွဲသည့်လုပ်ငန်းစီမံချက်မှာ မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေး လုပ်ငန်းများအတွက် အဓိကလမ်းပြ မြေပုံဖြစ်လာရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP) နှင့် မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက်ရေးဆွဲရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ် ၆၀ ခန့်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစီမံချက်(၂၀၁၆) အသစ်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှဲ့သင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၇၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း AUAA ၏ ဒသမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း AUAA မှ ကြီးမှူးကျင်းပသော ဒသမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အထူးဧည့်သည်တော် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ စိုက်ပျိုးရေးပညာရှင်များ၊ စာတမ်းရှင်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်၊ သန့်ရှင်းသောပတ်ဝန်းကျင်ဖြစ်စေရန်၊ သဘာဝနှင့် လိုက်လျောညီထွေမှုရှိသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းချက်ထား ဆောင်ရွက်နေကြသကဲ့သို့ လယ်ယာကဏ္ဍကို အားထားနေရသော မိမိတို့နိုင်ငံအနေဖြင့် ပြောင်းလဲလာသော ရာသီဥတုနှင့် ညီညွတ်သော




စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့ရများအသင်း AUAA မှ ကြီးမှူး ကျင်းပသော ဒသမအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲ ကျင်းပစဉ်။



စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးရေး အပါအဝင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို သုတေသနများပြုလုပ်ပြီး တိကျသည့် စီမံချက်များရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယနေ့ဖတ်ကြားတင်ပြကြမည့် ပညာရှင်များ၏ စာတမ်းများမှ အကြံဉာဏ်ကောင်းများ၊ နည်းလမ်းကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ဒသမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဂျပန်နိုင်ငံကိုချီတက္ကသိုလ်မှ စာတမ်းပညာရှင်များက စာတမ်းများ အသီးသီးဖတ်ကြားခဲ့ကြသည်။

နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ရေဆင်းဆည်နှင့် ဇမန်းတမံအတွင်း ရေဝင်ရောက်မှုနှင့် သိုလှောင်ထိန်းသိမ်းနိုင်မှု၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေသို့ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့် နေ့ရက်နှင့် အချိန် အသိပေးချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )**
**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခွင့်နှင့်**
**ရပ်နားထားရမည့် နေ့ရက်နှင့် အချိန် အသိပေးချက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းပြီး အောင်မြင်စေရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို လေးစားလိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း ၃. ၁. ၂၀၁၇ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးပွဲတွင် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၃၀. ၁. ၂၀၁၇ ရက်နေ့ နံနက် ၀၆:၀၀ နာရီ မှ ၃၀. ၃. ၂၀၁၇ ရက်နေ့ ည ၁၂:၀၀ နာရီအထိ)** ခွင့်ပြုပါသည်။ **၃၀. ၃. ၂၀၁၇ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် မှ ၁. ၄. ၂၀၁၇ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၃၀. ၃. ၂၀၁၇ ရက်နေ့ ည ၁၂:၀၀ အချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။ သတ်မှတ်ချိန်အထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မေတ္တာစမ်းရေ အမေ

❖ ချစ်သဒ္ဓါပန်းတွေနဲ့
မေတ္တာစမ်းရေ စီးခဲ့တဲ့အမေ…။
ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်
လူအဖြစ် လောကသစ်ကို
ဖွင့်လှစ်ပေးခဲ့တဲ့ အမေ…။

❖ အမေ…အမေ…အမေ
ကမ္ဘာမြေတစ်ခုလုံးမှာ
"အား" အပါဆုံး စကားလုံး
အားလုံးနဲ့သက်ဆိုင်
(အားလုံးရဲ့)
ဘဝမဏ္ဍိုင်…။

❖ ခိုင်ထည်စွာ တိုင်တည်လိုက်ပါ
အမေဟာ ဘဝရဲ့ပုံရိပ်
အမေဟာ ဘဝရဲ့လမ်းပြ
အမေဟာ ဘဝရဲ့ခွန်အား
အမေဟာ…
ထင်ရှားတဲ့ သာဓကများစွာ…။

❖ ကမ္ဘာဦးက စ
ခေတ်ကာလ ရေစီးကြောင်းမှာ
မပြောင်းမလွဲ
မဟောင်းဘဲ ထပ်ထပ်သစ်
(အမေ့ရဲ့)ချစ်သဒ္ဓါအနှစ်နဲ့
မေတ္တာစစ်တွေ…။

❖ မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်
ကျေးဇူးဖြာဖြာ၊ မိမာတာကို
ဆယ်ဖြာလက်လျှင်၊ ကြာငုံသွင်နယ်
သွင်ပြင်ရို့ကျိုး၊ လက်စုံမိုးလျက်
ရှိခိုးဦးချ၊ ဆုပန်သသည်
အလှဖြာဝေ၊ ကမ္ဘာမြေဝယ်
အမေအားလုံး မာစေသော်ဝ်…။ ။

(ပြာသိုလပြည့် အမေများနေ့အား ပူဇော်ကန်တော့ပါသည်။)

**မျိုးမြတ်မြတ်မြင့်မောင်**

## မစ္စ ရန်ဟီလီနှင့်အဖွဲ့ ပေါင်မြို့နယ် ဇင်းကျိုက်ကုန်ထုတ်စခန်းသို့ သွားရောက်လေ့လာ

**ပေါင် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ အကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်းသို့ သွားရောက်လေ့လာသည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် မွန်ပြည်နယ်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်ပြီး ဇင်းကျိုက်ကုန်ထုတ်စခန်းဧည့်ရိပ်သာ၌ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စခန်းအခြေအနေနှင့် အကျဉ်းသားများ၏ အခြေအနေများအား မေးမြန်းကာ အကျဉ်းသားများနှင့် အိပ်ဆောင်များအား လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဝတ်ကြီးကျောက်ထုတ်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုကာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**




✪ **ရွှေတိဂုံစေတီတော်မြတ်ကြီးမှ**

ရောက်ရှိသည့် နိုင်ငံခြားသားများတွင် ထိုင်း ၁၇၉၄၁ ဦး၊ ကိုရီးယား ၄၈၇၅ ဦး၊ တရုတ် ၄၀၂၅ ဦး၊ ဂျပန် ၃၂၅၀၊ အမေရိကန် ၃၁၀၀ အပါအဝင် နိုင်ငံခြားသားဧည့်သည် ၇၄၇၉၅ ဦးနှင့် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်း ၁၀၉ ဦးအပါအဝင် စုစုပေါင်း ၇၄၉၀၄ ဦး ရောက်ရှိခဲ့ကြသည်။

အဆိုပါနိုင်ငံခြားသားများထံမှ ဧည့်ဝင်ကြေးအဖြစ် ငွေကျပ်သိန်းပေါင်း ၅၉၈၀ ကျော် အလှူခံရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ (အလားတူ)လတွင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ နိုင်ငံခြားသားဧည့်သည် ၆၃၆၆၄ ဦး ရောက်ရှိခဲ့ပြီး ဧည့်ဝင်ကြေးအဖြစ် ငွေကျပ်သိန်းပေါင်း ၅၀၈၀ ကျော်ရရှိခဲ့သည်။ နှစ်စဉ်၊ လစဉ်ရောက်ရှိသည့် နိုင်ငံခြားသားများတွင် ထိုင်းနိုင်ငံသားများ အများဆုံးပါဝင်ကြောင်း သိရသည်။ **(ကိုချစ်)**

ကြေးမုံ



# အမေရိကန်၏စံတန်ဖိုးများ ထိန်းသိမ်းရေး နှုတ်ဆက်မိန့်ခွန်းတွင် သမ္မတအိုဘားမား တိုက်တွန်း

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်၏ စံတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်းကောင်း၊ ခွဲခြားဆက်ဆံမှုများကို လက်မခံပယ်ချကြရန်လည်းကောင်း ပြည်သူတို့အား တိုက်တွန်းကြောင်း သမ္မတအိုဘားမားက ၎င်း၏ဇာတိမြေ ချီကာဂို၌ နှုတ်ဆက်စကားပြောကြားရာတွင် ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတတာဝန်ကို ရီပတ်ဘလီကန်ပါတီမှ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်ထံသို့ လွှဲပြောင်းပေးအပ်ရန်နီးကပ်လာချိန်တွင် အိုဘားမားက ချီကာဂိုမြို့၌ ပြည်သူ ၁၈၀၀၀ အား နှုတ်ဆက်မိန့်ခွန်းပြောကြားခဲ့သည်။ စိတ်လှုပ်ရှားဖွယ်ရာကောင်းသော မိန့်ခွန်းတွင် အိုဘားမားက သူ၏မိသားစုကို ကျေးဇူးတင်စကားဆိုခဲ့ပြီး သူ၏ဘဝတာတွင် သမ္မတတာဝန်ကို ထမ်းဆောင်ခွင့်ရရှိခြင်းအတွက် ဂုဏ်ယူမဆုံးဖြစ်ရပုံကို ဖော်ညွှန်းခဲ့သည်။

အိုဘားမားသည် သူ၏တိုးတက်ရေးအမြင်ကို ပြည်သူတို့ လက်ခံကြဖို့ စည်းရုံးနားချခဲ့သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလ ဒေါ်နယ်ထရန့်က ချပြခဲ့သော မူဝါဒအချို့နှင့်ပတ်သက်၍ ၎င်းကပယ်ချခဲ့သည်။

အမေရိကန်၏ စံတန်ဖိုးများ အားနည်းသွားအောင် ခြေဖျက်မှုများကို မလပ်သောသတိဖြင့် စောင့်ကြည့်သွားကြဖို့ လိုအပ်ကြောင်း အိုဘားမားက ပြည်သူတို့အား တိုက်တွန်းသည်။

နိုင်ငံအတွင်း မွတ်စလင်များ ဝင်ရောက်ခြင်းကို ယာယီပိတ်ပင်သွားရန်၊ မက္ကဆီကိုနှင့်ထိစပ်နေသော နယ်စပ်ဒေသ၌ တံတိုင်းတည်ဆောက်သွားရန်၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး နိုင်ငံတကာသဘောတူညီချက်ကို ပစ်ပယ်သွားရန်၊ အိုဘားမား၏ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးဥပဒေကို ဖျက်သိမ်းသွားရန် မိမိဆောင်ရွက်မည်ဟု ထရန့်က မဲဆွယ်စည်းရုံးရေးကာလအတွင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲကာလတွင် ပါတီကြီးနှစ်ပါတီတို့ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ပြောဆိုခဲ့ကြသော်လည်း ယခုအခါ အိုဘားမားမှာ ထရန့်နှင့် ပြန်လည်သင့်မြတ်ရေးဆီသို့ ဦးတည်ကာ ထိန်းထိန်းသိမ်းသိမ်း ပြောဆိုသွားကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမေရိကန်၏ စံတန်ဖိုးများကိုထိန်းသိမ်းသည့် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် စစ်အကျဉ်းသားများအပေါ် ညှဉ်းပန်းနှိပ်စက်မှုပြုလုပ်သည့်နည်းလမ်း အသုံးမပြုရန်



မိမိကြိုးပမ်းခဲ့ပြီး ဂွါတာနာမိုပင်လယ်အော် အမေရိကန်ရေတပ်စခန်းရှိ အကျဉ်းစခန်းကို ပိတ်နိုင်ရန်လည်း မိမိဆောင်ရွက်ခဲ့သည်ဟု အိုဘားမားက ပြောကြားသည်။

အမေရိကန်နိုင်ငံသား မွတ်စလင်တို့အပေါ် ခွဲခြားဆက်ဆံမှုပြုလုပ်ခြင်းအား မိမိပယ်ချခဲ့ကြောင်း၊ ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရေးအတွက် ရဲရဲရင့်ရင့် ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

**ရိုက်တာ။**

❐

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်း၏ ဆွေမျိုးနှစ်ဦး အကျင့်ပျက်ခြစားမှုနှင့် တရားစွဲဆိုခြင်းခံရ

**နယူးယောက် ဇန်နဝါရီ ၁၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်း၏ ဆွေမျိုးတော်စပ်သူနှစ်ဦးသည် လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် တရားစွဲဆိုခြင်း ခံထားရကြောင်း သတင်းများအရသိရသည်။



တောင်ကိုရီးယားဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၏ အကြီးအကဲတစ်ဦးဖြစ်သူ ဘန်ကီမွန်း၏ညီနှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ဆောင်နေသည့် ဘန်၏ တူတော်စပ်သူတို့နှစ်ဦးအား အကျင့်ပျက်ခြစားမှုနှင့် စွဲချက်တင်ထားကြောင်း တရားရေးဆိုင်ရာဝန်ထမ်းများက ဆိုသည်။

အဆိုပါနှစ်ဦးသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်ရှိ အထပ်၇၂ ထပ်မြင့်သော မိုးမျှော်တိုက်ကြီးတစ်ခုအား အရှေ့အလယ်ပိုင်းရင်းနှီးမြှုပ်နှံမှု ငွေကြေးအဖွဲ့အား အမေရိကန်ဒေါ်လာသန်း ၈၀၀ ဖြင့် ရောင်းချရန် အရှေ့အလယ်ပိုင်းရင်းနှီးမြှုပ်နှံမှု ငွေကြေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဒေါ်လာ ၂ ဒသမ ၅ သန်းကို လာဘ်ထိုးခဲ့ခြင်းနှင့်ပတ်သက်ပြီး စွဲချက်တင်ခြင်းခံခဲ့ရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းရွက်နေစဉ် ပုံမှန်သတင်းစာ ရှင်းလင်းပွဲများတွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဘန်ကီမွန်းအား မေးခွန်းများစွာ မေးမြန်းခဲ့သော်လည်း ဘန်၏ပြောရေးဆိုခွင့်ရှိသူက ယင်းကိစ္စနှင့်ပတ်သက်ပြီး မည်သည့်ထင်မြင်ယူဆချက်ကိုမျှ ပြောဆိုခြင်းမရှိခဲ့ပေ။

ဘန်ကီမွန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ရာထူးသက်တမ်းနှစ်ကြိမ် ထမ်းရွက်ပြီးနောက် ၎င်း၏အမိနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ သမ္မတပတ်ဂွန်ဟေးသည် အရှုပ်တော်ပုံတစ်ရပ်နှင့် တရားစွဲဆိုခြင်းခံနေရချိန်တွင် ဘန်ကီမွန်းအနေဖြင့် သမ္မတဖြစ်ရေးအတွက် ပြည်သူများ၏ ထောက်ခံအားပေးမှုအများဆုံး ရရှိလျက်ရှိသည်။

ဇန်နဝါရီ ၁၁ ရက်တွင် ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူ လီဒိုဝေါင်းက ဘန်၏ ညီအစ်ကိုတော်စပ်သူ ရင်ဆိုင်နေရသည့် အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်ပြီး မသိရှိပါကြောင်းနှင့် ယင်းကိစ္စကို အမေရိကန်နိုင်ငံတွင် စုံစမ်းစစ်ဆေးမည်ဖြစ်သည့်အတွက် ထွက်ပေါ်လာသည့် ရလဒ်ကို ကျေနပ်စွာလက်ခံရမည်ဖြစ်ပါကြောင်း မီဒီယာများအား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## မက္ကဆီကိုနိုင်ငံသုံး ပီဆိုငွေကြေးတန်ဖိုး ဒေါ်လာနှင့် လဲလှယ်ရာတွင် စံချိန်တင်ကျဆင်း

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၁**

မက္ကဆီကိုနိုင်ငံသုံး ပီဆိုငွေကြေးသည် ဇန်နဝါရီ ၁၀ ရက်က အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် စံချိန်တင်တန်ဖိုးကျသွားခဲ့ကြောင်း၊ အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် တာဝန်ယူရန်ရှိနေစဉ် ၎င်း၏မူဝါဒများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့ခြင်းသည် ပီဆိုငွေကြေး တန်ဖိုးကျမှုကို ဖြစ်စေသော အကြောင်းတရားတစ်ရပ်ဖြစ်စေသလို စီးပွားရေးလေ့လာသုံးသပ်ရေးအဖွဲ့တစ်ဖွဲ့က ပီဆိုငွေကြေး တန်ဖိုးထပ်မံ ကျဆင်းနိုင်သည်ဟု ဟောကိန်းထုတ်ခဲ့ခြင်းကလည်း ငွေတန်ဖိုးကျမှုကို တွန်းပို့ပေးကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပီဆိုငွေကြေးသည် လွန်ခဲ့သည့်နှစ်က ဒေါ်လာနှင့်ဖလှယ်ရာတွင် ၂၀ ရာခိုင်နှုန်းအထိ တန်ဖိုးကျဆင်းခဲ့သည်။ ဇန်နဝါရီ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၂၁ ဒသမ ၈၂၇၅ ပီဆိုအထိ ငွေတန်ဖိုးထပ်မံကျဆင်းခဲ့ကြောင်း၊ ယင်းမှာ နှစ်ရာခိုင်နှုန်းကျဆင်းမှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မက္ကဆီကို၌ ထုတ်လုပ်ပြီး အမေရိကန်ပြည်ထောင်စုအတွင်းရောင်းချသော မော်တော်ယာဉ်များအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဟု ဒေါ်နယ်ထရန့်က မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးများကို လွန်ခဲ့သည့်ရက်သတ္တပတ်က ပြောကြားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်၏ အစောဆုံး နေ့ရက်များအတွင်းမှစ၍ ပီဆိုငွေတန်ဖိုး ကျဆင်းမှုတိုးမြှင့်ဖြစ်ပေါ်လာခဲ့သည်ဆို၏။

**ရိုက်တာ။**

# သမ္မတဟောင်း ရဖ်ဆန်ဂျာနီ၏စျာပနအခမ်းအနားသို့ အီရန်နိုင်ငံသား သိန်းချီတက်ရောက်

**တီဟီရန် ဇန်နဝါရီ ၁၁**

အီရန်နိုင်ငံ၏ အစ္စလာမ့်တော်လှန်ရေးတွင် အရှိန်အဝါကြီးမားသည့် ပြယုဂ်တစ်ခုဖြစ်ခဲ့သူ သမ္မတဟောင်း ရဖ်ဆန်ဂျာနီ၏ စျာပနအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပရာ တီဟီရန်မြို့လယ်ပိုင်းဒေသသို့ အရေအတွက် သိန်းနှင့်ချီသော နိုင်ငံသားများ စုဝေးရောက်ရှိခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ ကွယ်လွန်သူ သမ္မတဟောင်းရဖ်ဆန်ဂျာနီသည် လက်တွေ့အကျိုးမျှော်ဝါဒကိုင်စွဲခဲ့ခြင်းကြောင့် နိုင်ငံ၏ဦးသျှောင်ခေါင်းဆောင်ကြီးနှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သူဖြစ်သည်။

ရဖ်ဆန်ဂျာနီသည် ဇန်နဝါရီ ၈ ရက်တွင် ကွယ်လွန် ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် (၈၂)နှစ်ရှိပြီဖြစ်သည်။ ၁၉၇၉ ခုနှစ် အစ္စလာမ့်တော်လှန်ရေးခေါင်းဆောင် အယာတိုလာခိုမေနီအား မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည့်နေရာနှင့် ကပ်လျက်နေရာတွင် ရဖ်ဆန်ဂျာနီ၏ရုပ်အလောင်းကို နိုင်ငံတော်စျာပနအဖြစ် မြှုပ်နှံခဲ့သည်။ အယာတိုလာခိုမေနီသည် အီရန်နိုင်ငံ၌ ဘာသာရေးခေါင်းဆောင်က စီမံအုပ်ချုပ်သည့်စနစ်ကို ထူထောင်ခဲ့သူဖြစ်သည်။

သမ္မတတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရဖ်ဆန်ဂျာနီ၏ စီးပွားရေးလွတ်လပ်ခွင့်ပေးရေးမူဝါဒ၊ အနောက်ကမ္ဘာနှင့် ဆက်ဆံမှုကောင်းမွန်ရေးမူဝါဒတို့နှင့်ပတ်သက်၍ ၎င်းအား အားတက်သရော ထောက်ခံသူများရှိခဲ့သည့်နည်းတူ ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်သူများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

ရဖ်ဆန်ဂျာနီ၏စျာပနအခမ်းအနားကျင်းပချိန်တွင် လူအချို့က နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် ဟစ်ကြွေးတောင်းဆိုခဲ့ကြပြီး သဘောထားတင်းမာသူများက အမေရိကကျဆုံးပါစေဟု ကြွေးကြော်ကြကြောင်း၊ သို့ရာတွင် စျာပနအခမ်းအနားအတွင်း ပဋိပက္ခဖြစ်ပွားမှုမရှိကြောင်း ကိုယ်တွေ့ကြုံသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**



# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ဟယ်လင်းနစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇ်(စ်) စီပရာ့စ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ သဝဏ်လွှာ ပေးပို့သည်။

**နီပေါနိုင်ငံ**

မြန်မာနိုင်ငံ၏ ပျော်ရွှင်ဖွယ်ရာလွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေကြောင်း နီပေါနိုင်ငံ သမ္မတ ဘီဒီယာ ဒေဗီ ဘန်ဒါရီက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ**

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မမ်နွန်ဟူစိန်က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးရှိသော နိုင်ငံများဖြစ်ကြသည်။ ရှိရင်းစွဲ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုသည် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပိုမိုခိုင်မြဲလာမည်ဟု မိမိယုံကြည်ပါသည်။ အဆွေတော်သမ္မတကြီး ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေဟု ဆန္ဒပြုပါသည်။

အလားတူ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မူဟာမက် နဝပ်ဇ် ရှာရစ်ဖ်ကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အချိန်အခါတွင် မြန်မာအစိုးရ၊ မြန်မာပြည်သူများနှင့် အဆွေတော်သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မိုင်သရီပါ ဆီရိစီနာက သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံသည် သမိုင်းအစဉ်အဆက်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများဖြစ်ပြီး ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသကဲ့သို့ မျက်မှောက်ခေတ်တွင်လည်း နယ်ပယ်ကဏ္ဍအသီးသီးတွင် အတူလက်တွဲဆောင်ရွက်လျက်ရှိကြသည်။ လွန်ခဲ့သည့်ကာလများအတွင်း နှစ်နိုင်ငံအဆင့်မြင့်အရာရှိများ အပြန်အလှန်သွားရောက်လည်ပတ်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မြဲစေသည်။ လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လာမည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြီးပွားတိုးတက်ပါစေဟု ဆန္ဒပြုပါသည်။

အလားတူ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မန်ဂါလာ ဆာမာရာဝီရက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့လည်းကောင်း၊ သီရိလင်္ကာဝန်ကြီးချုပ် ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီက ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ထံသို့ လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ကြသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများအား ဆက်လက်ထောက်ပံ့

**မောင်တော ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မောင်တောမြို့နယ်အတွင်း ဆန်နှင့်ပဲများ ထောက်ပံ့ခြင်းကို ဆက်လက်လုပ်ဆောင်လျက်ရှိရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများက ယနေ့တွင် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးခဲ့သည်။



**တောင်ပြိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ဆန်နှင့် ပဲရိက္ခာများ ထောက်ပံ့စဉ်။**

နံနက်ပိုင်းတွင် ဒါးကြီးစားကျေးရွာအုပ်စုရှိ မြောတောင်၊ ရေခပ်ချောင်းခွဆုံကျေးရွာများမှ အိမ်ထောင်စု ၂၅၇ စု၊ လူဦးရေ ၁၈၀၃ ဦးအတွက် ဆန် ၆၄ ဒသမ ၂၅ အိတ်၊ ပဲလေးအိတ်နှင့် ၂၈ ပိဿာကို ဒါးကြီးစား စာသင်ကျောင်းတွင် လည်းကောင်း၊ ငါးခူရကျေးရွာအုပ်စုရှိ အထက်ပြူးမ၊ အောက်ပြူးမ၊ငါးခူရ(ဟိန္ဒူ)၊ ဦးရှည်ကျကျေးရွာများမှ အိမ်ထောင်စု ၇၃၈ စု၊ လူဦးရေ ၆၉၆၄ ဦးအတွက် ဆန် ၁၈၄ ဒသမ ၅ အိတ်၊ ပဲ ၁၂ အိတ်နှင့် သုံးပိဿာကို ငါးခူရကျေးရွာဓမ္မာရုံတွင် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် တောင်ပြိုကျေးရွာအုပ်စုရှိ တောင်ပြိုလက်ယာ၊ သဲချောင်း၊ လိပ်ရ၊ ဇီးပင်ချောင်း၊ ကျွန်းပေါက်ပြုစု၊ ရေတွင်းပြင်၊ မီးတိုက်ကျေးရွာများမှ အိမ်ထောင်စု ၁၁၉၁ စု၊ လူဦးရေ ၁၀၄၁၉ ဦးအတွက် ဆန် ၂၉၇ ဒသမ ၇၅ အိတ်နှင့် ပဲ ၁၉ အိတ်ကို တောင်ပြိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။ ယနေ့ မောင်တောမြို့နယ်အတွင်း ကျေးရွာများအား ထောက်ပံ့မှု စုစုပေါင်းမှာ ဆန် ၅၄၆ ဒသမ ၅ အိတ်၊ ပဲ ၃၆ အိတ်နှင့် တစ်ပိဿာရှိကြောင်း သိရသည်။

ဝန်ကြီးဌာနအနေဖြင့် ဇန်နဝါရီ ၆ ရက်မှ ၁၁ ရက်အတွင်း မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၄ စု၊ ကျေးရွာပေါင်း ၅၂ ရွာ၊ အိမ်ထောင်စု ၇၃၈၁ စုမှ လူဦးရေ ၅၉၉၆၂ ဦးတို့အတွက် ဆန် ၁၈၄၅ အိတ်၊ ပဲ ၁၂၃ အိတ် (စုစုပေါင်းငွေကျပ် ၄၆၄ သိန်း)ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(ကိုမင်း)**



# သရက်အုပ်ကျေးရွာမှ အိမ်ထောင်စု ၁၅ စုအား ဆိုလာမီးအိမ်များ ပေးအပ်

**မောင်တော ဇန်နဝါရီ ၁၁**

မောင်တောမြို့နယ် သရက်အုပ်ကျေးရွာမှ အိမ်ထောင်စု ၁၅ စုအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးက ဆိုလာမီးအိမ် ၁၅ ခုကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက သရက်အုပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် သွားရောက်ပေးအပ်ခဲ့သည်။

ဆိုလာမီးအိမ် ပေးအပ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က မောင်တောမြို့နယ်အတွင်း ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့က သရက်အုပ်ကျေးရွာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရောက်ရှိစဉ်အတွင်း ဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်းရန် မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် ယခုလို လာရောက်ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

"လျှပ်စစ်မီးအခက်အခဲရှိတဲ့ ကျွန်တော်တို့ရွာကို အခုလို ဆိုလာမီးအိမ်တွေ လာရောက်ပေးအပ်လှူဒါန်းတဲ့အတွက် ရပ်ရွာပြည်သူတွေကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်။ ဆိုလာမီးရဲ့ အကျိုးကျေးဇူးကြောင့် ညဘက်ဆိုရင် ဖယောင်းတိုင်မီး မလိုအပ်တော့တဲ့အတွက် မီးဘေးအန္တရာယ် မစိုးရိမ်ရတော့ပါဘူး။ နောက်ပြီးတော့ ကလေးတွေအတွက်လည်း ညဘက် စာကျက်၊ စာဖတ်လို့ ရပါတယ်"ဟု သရက်အုပ်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးထွန်းဝင်းမောင်က ပြောသည်။

ယခု ပေးအပ်သည့် ဆိုလာမီးအိမ်တွင် 10 Watt Solar ပြား၊ 7.5 AH/12 V Battery ၊ 3A Charging and Load Control Circuit၊ 3Watt High Power LED မီးခေါင်းနှင့် ၁၅ ပေ ဝိုင်ယာကြိုး၊ 3 Watt High Power LED မီးခေါင်းနှင့် ၁၀ ပေ ဝိုင်ယာကြိုး၊ 1 Watt Low Power LED မီးခေါင်းနှင့် ငါးပေ ဝိုင်ယာကြိုးတို့ ပါဝင်ကြောင်း သိရသည်။

**(ကိုမင်း)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသည့်လုပ်ငန်းများကို စီမံချက်ချမှတ်၍ ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသည့် လုပ်ငန်းများကို စီမံချက်ချမှတ်၍ ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

"ဘုရင့်နောင် ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီတဲ့ လုပ်ငန်းတွေအားလုံးကို ရှင်းလင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုရှင်းလင်းတဲ့နေရာမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူ ဒီဝင်းအတွင်းမှာရှိတဲ့သူတွေအားလုံး ပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကုန်စည်ဒိုင်အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် ယာဉ်ကြောရှင်းလင်းခြင်း၊ စည်းကမ်းမဲ့ ပုံကျဈေးသည်များနှင့် ပစ္စည်းစုပုံသူများအား စည်းကမ်းထိန်းသိမ်းခြင်း၊ မူးခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်လုပ်ငန်းများ ပပျောက်ရေးအတွက် ဆောင်ရွက်ခြင်းတို့ကို စီမံချက်ချမှတ်၍ ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

"သီရိမင်္ဂလာဈေးတုန်းက စီမံချက်ချပြီး ဆောင်ရွက်ခဲ့တာ အောင်မြင်ခဲ့တယ်။ အခုလည်း စီမံချက်ချပြီး ဆောင်ရွက်တဲ့အခါမှာ ရဲတပ်ခွဲတစ်ခုတိုးမြှင့်ပြီး အားဖြည့်ပေးသွားမှာဖြစ်ပါတယ်"ဟု အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူးရဲမှူးချုပ် မြဝင်းက ပြောသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ မူးယစ်ဆေးဝါးမှု၊ ခိုးမှု၊ လောင်းကစားမှုနှင့် အလစ်သုတ်မှုများအပြင် တရားမဝင်အနှိပ်ခန်းများကိုလည်း သက်ဆိုင်ရာက ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်းသိရသည်။



ဘုရင့်နောင်ပွဲရုံဝင်း၏ အဝင်ဂိတ်ပေါက်တစ်ခုကို တွေ့ရစဉ်။

အဆိုပါ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ လက်ရှိကာလ လုံခြုံရေးဆောင်ရွက်မှုအနေဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဘုရင့်နောင်ပွဲရုံ သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အပါအဝင် အင်အား ၁၇၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စီမံချက်ကာလတွင် ရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များကို အင်အားဖြည့်တင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ ဆိုင်ခန်းပေါင်း ၁၅၀၀ ရှိပြီး နေ့စဉ် ကုန်တင်ယာဉ်အစီးရေ ၁၀၀၀ ဝန်းကျင်ခန့် ဝင်ထွက်သွားလာလျက်ရှိသည်။ အဆိုပါပွဲရုံဝင်းသည် ၇၅ ဒသမ ၁၉၄ ဧက ကျယ်ဝန်းပြီး ၁၉၉၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းမှု ကဏ္ဍတွင် အဓိက အရေးပါသည့် နေရာတစ်ခုအဖြစ်ပါဝင်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

## တက်ကြွအားသွန် နိုင်ငံ့ဝန်ဦး....

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး “ရေမြင့်ကြာတင့်” ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***“တက်ကြွအားသွန်နိုင်ငံ့ဝန်ဦး”*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# သေချာပေါက်ပြောနိုင်တာက ကာလရှည်မှာ တကယ့်ကို ဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာမယ်ဆိုတာပါပဲ

ဒေါက်တာမောင်မောင်အောင်



## တွေ့ဆုံမေးမြန်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့တော်ကြီးတွင် နှစ်ပေါင်းရှည်ကြာ ပြေးဆွဲခဲ့သော ခရီးသည်တင် ဝန်ဆောင်မှုလုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်တွင် စနစ်သစ်အသွင် စတင်ပြောင်းလဲ ပြေးဆွဲတော့မည်ဖြစ်သည်။ လက်ရှိ ပုဂ္ဂလိကတစ်ဦးပိုင်မှ အစုအဖွဲ့ပိုင်စနစ်သို့ စတင်ပြောင်းလဲကာ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ယင်းစနစ်ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ဦးဆောင်ကာ စတင်အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

ယင်းပြောင်းလဲမှုအပေါ် ပြည်သူများ နက်နက်နဲနဲ သိစေရန်နှင့် သိလိုသည်များကို လေ့လာဆန်းစစ်နိုင်ရန် မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်နှင့် သွားရောက်တွေ့ဆုံကာ မေးမြန်းခဲ့မှုကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်။

**မေး။ ဇန်နဝါရီ ၁၆ ရက်မှာ ရန်ကုန်မြို့ ခရီးသည်တင် ယာဉ်လိုင်းစနစ်သစ် ပြောင်းလဲပြေးဆွဲမှု စတင်မယ်လို့ သိရပါတယ်။ အဲဒီစနစ်သစ်ပြောင်းလဲမှုအပေါ် ဆရာ့ရဲ့ သုံးသပ်ချက်လေး ကနဦးသိပါရစေ။**

ဖြေ။ ဇန်နဝါရီ ၁၆ ရက်ကတော့ ရန်ကုန်မြို့ရဲ့ ခရီးသည်တင်ယာဉ်လိုင်းတွေကို ပထမဆုံးအစုအဖွဲ့ပိုင်အဖြစ် စတင်ပြေးဆွဲမှာ ဖြစ်ပါတယ်။ တချို့ထင်ကြသလို အများပိုင် မဟုတ်သေးပါဘူး။ အစုအဖွဲ့ပိုင်ပါပဲ။ အဲဒီလိုပြေးဆွဲတဲ့အခါမှာ စနစ်ကို စပြောင်းတာပါ။ စပြောင်းတဲ့နေရာမှာ အရင်ကလို တစ်ဦးတစ်ယောက်တည်း ပိုင်တာမဟုတ်ဘဲ အခုလို အစုအဖွဲ့ပိုင်ကို ပြောင်းတာဖြစ်တယ်။ အများပိုင် မလုပ်နိုင်သေးခင် အခုလို အစုအဖွဲ့ပိုင် လုပ်တဲ့သဘောပါ။ ဒါက ကနဦးပါ။ နောက်တော့ အများပိုင်ကို တဖြည်းဖြည်းချင်း လုပ်သွားမှာဖြစ်တယ်။ ပြေးဆွဲတဲ့အခါမှာ လက်ရှိယာဉ်လိုင်း ၃၃၀ ကျော်ကနေ အခုဆိုရင် ဒီနေ့အထိ ပြန်လည်စိစစ်ပြီးယာဉ်လိုင်း ၆၀ နဲ့ ပြောင်းလဲပြေးဆွဲမှာ ဖြစ်တယ်။ ဒါကလည်း ပုံသေတော့မဟုတ်သေးပါဘူး။ ပြည်သူ တွေရဲ့ လိုအပ်ချက်အရ အားလုံးတိုင်ပင်ဆွေးနွေးပြီး လိုင်းသစ်တွေကို ထပ်တိုးသင့်ရင် လိုအပ်သလို ထပ်တိုးပေးသွားဖို့ရှိပါတယ်။

**မေး။ ဆရာတို့အနေနဲ့ ယာဉ်လိုင်းတွေ လျှော့မယ့်ကိစ္စအပေါ်မှာ တချို့ပြည်သူတွေက သွားလာမှုအဆင်မပြေမှာကို စိုးရိမ်နေကြတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဆရာတို့အနေနဲ့ ပြည်သူတွေ အဆင်ပြေအောင် ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ။ ဟုတ်ပါတယ်။ ကျွန်တော်လည်း ဒီကိစ္စမှာ ပြည်သူတွေ စိုးရိမ်နေကြတယ်ဆိုတာ သိပါတယ်။ အခုလို လိုင်းတွေ လျှော့လိုက်တော့ ပြည်သူတော်တော်များများက သွားလာမှု အဆင်မပြေမှာ စိုးရိမ်ကြတယ်။ အခုလတ်တလော ဆွဲထားတဲ့ယာဉ်လိုင်းတွေက ပုံသေမဟုတ်သေးပါဘူး။ အချိန်အခါအားလျော်စွာ ပြည်သူတွေရဲ့ လိုအပ်ချက်ရှိရင် ရှိသလို တိုးချဲ့ပြောင်းလဲပေးသွားမှာပါ။ စပြီးကတည်းက အခုချိန်အထိ နေ့စဉ် အစုအဖွဲ့မှာပါတဲ့ ကုမ္ပဏီတွေနဲ့ ဆွေးနွေးမှုတွေ အဆက်မပြတ်လုပ်နေပါတယ်။ ဘာတွေလိုအပ်ချက်ရှိနေလဲ။ ခရီးသွားပြည်သူတွေ လိုအပ်ချက်ရှိရင် ရှိသလို လုပ်ပေးနေပါတယ်။ ခုဆိုရင် အဓိကလမ်းမကြီးတွေ အဆင်ပြေအောင် စဉ်းစားရပါတယ်။ အရင်စပြီး ကြေညာတုန်းကဆို လိုင်း ၅၇ လိုင်းပါ။ အခုဆိုရင် လိုင်းပေါင်း ၆၀ ဖြစ်လာပြီ။ ထပ်တိုးဖို့လည်း ရှိပါတယ်။ ဒီနေ့ညနေဆို အတည်ပြုဖို့ လုပ်နေတယ်။ ပြည်သူတွေသိအောင် ထပ်ကြေညာပေးမှာပါ။ ပြည်သူတွေ စိုးရိမ်စရာမဖြစ်အောင် အချိန်နဲ့အမျှ ကြိုးစားလုပ်နေပါတယ်။ တဖြည်းဖြည်းနဲ့ကတော့ အဆင်ပြေသွားမှာပါ။ ခုလုပ်တာကတော့ အဓိကလမ်းမကြီးတွေပဲ ရည်ရွယ်ပါတယ်။ ဒါပေမယ့် ဒီထဲမှာမပါတဲ့ အခြားလမ်းတွေလည်းရှိသေးတယ်။ အခု အဓိကလမ်း ၆၀ ကတော့ အစုအဖွဲ့ပိုင်နဲ့ အများပိုင်ကားတွေက ပြေးဆွဲမှာဖြစ်ပါတယ်။ ပုံသေမဟုတ်သေးပါဘူး။ လိုအပ်ရင် ထပ်ထည့်သွားမှာပါ။

**မေး။ စတင်ပြေးဆွဲတဲ့နေ့မှာ ပြည်သူတွေ ထင်ထားသလို အခက်အခဲတစ်စုံတစ်ရာကြုံလာရင် ဘယ်လိုဖြေရှင်းသွားဖို့ စီမံထားပါသလဲ။**

ဖြေ။ ပြည်သူတွေစိုးရိမ်သလို ကျွန်တော်တို့လည်း စိုးရိမ်ပါတယ်။ ဒါကြောင့် အဲဒီနေ့မှာ မှတ်တိုင်တွေမှာ ခရီးသည်တွေပုံနေတာတို့၊ တချို့လိုင်းမဆွဲဖြစ်ခဲ့တဲ့ လမ်းကြောင်းနေရာတွေမှာ ခရီးသည်တွေ စုနေတာတို့ ဘယ်လိုအခက်အခဲ တစ်စုံတစ်ရာပဲ ကြုံနေပါစေ အခု တိုင်းဒေသကြီးမှာ ရှိတဲ့ အရန်ကားတွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးဖို့ ရှိပါတယ်။ ဒါတွေနဲ့ အဆင်ပြေအောင် ပြေးဆွဲပေးသွားမှာပါ။ ပြောချင်တာက စတဲ့နေ့မှာ လုံးဝပြည့်စုံမယ်လို့ ဆရာတို့ မပြောပါဘူး။ ဒါပေမယ့် နောက်တော့ ဖြည်းဖြည်းချင်း အဆင်ပြေအောင် ယာဉ်လိုင်းတွေကို ထပ်ဖြည့်သွားမှာပါ။ ပြီးတော့ ရေရှည်မှာ အများပိုင်ဖြစ်လာပြီဆိုရင်လည်း ကတ်စနစ်ကိုအသုံးပြုပြီး ယာဉ်မောင်းတစ်ယောက်တည်းပါတဲ့ အနေအထားမျိုးနဲ့ နိုင်ငံတကာလို သွားနိုင်အောင် လေ့ကျင့်ယူသွားရမှာပါ။ အခုလုပ်မယ့်စနစ်က အစုအဖွဲ့ပိုင်ဆိုတော့ လက်မှတ်စနစ်နဲ့ မသွားနိုင်သေးပါဘူး။ ငွေပုံးနဲ့ပဲ သွားဖို့ ရှိပါသေးတယ်။ အဲဒီမှာ ခရီးအကွာအဝေးအလိုက် ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ သတ်မှတ်ထားတာ ရှိပါတယ်။ ယာဉ်အကူက လောလောဆယ် လိုက်ပါမှုရှိနေဦးမယ်။ ဒါပေမယ့် ပိုက်ဆံကိုင်ခွင့်တော့ ရမှာမဟုတ်ပါဘူး။ ခရီးသည်တွေ မှန်မှန်ကန်ကန် ငွေထည့်နိုင်အောင် လမ်းပြပေးတဲ့ သဘောလောက်တော့ လုပ်ရပါမယ်။ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းကတော့ ယာဉ်မောင်းရော၊ ယာဉ်အကူပါ အတိအကျ လိုက်နာရမှာ ဖြစ်ပါတယ်။

**မေး။ ဆရာတို့အနေနဲ့ အခုပြောင်းလဲမှုကို ကာလအပိုင်းအခြားသတ်မှတ်ပြီး လုပ်ဆောင်မယ်လို့ သိရပါတယ်။ အဲဒီပိုင်းခြားလုပ်ဆောင်သွားမှုအပေါ်ကိုရော ရှင်းပြပေးပါဦး။**

ဖြေ။ အခုစတင်အကောင်အထည်ဖော်မယ့် အစုအဖွဲ့ပိုင်ကတော့ ကုမ္ပဏီ ၂၁ ခုကနေ ရှစ်ခုကို လျှော့လိုက်တာဖြစ်တယ်။ ဒါနဲ့ စမ်းသပ်လုပ်ဆောင်ကြည့်ဦးမှာပါ။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ အဆင့်လေးခုနဲ့ လုပ်ဆောင်သွားဖို့ရှိပါတယ်။ အဆင့်(၁)ကတော့ ပိုင်ဆိုင်မှုစနစ်ကို ပြောင်းတာဖြစ်တယ်။ တစ်ဦးချင်းပိုင်ကနေ ပြီးတော့ အခုလို အစုအဖွဲ့ပိုင်ပေါ့။ အဲဒီကနေ အများပိုင်ဖြစ်အောင် ပြောင်းလဲဖို့ကိုလည်း လုပ်ဆောင်သွားမှာ ဖြစ်တယ်။ ဒုတိယအဆင့်ကတော့ ပြေးတဲ့စနစ်ပေါ့။ ပြေးတဲ့ အဆင့်မှာ ဟိုတုန်းကလို လိုင်းတစ်လိုင်းမှာ ကားတွေအများကြီးမရှိတော့ဘူး။ အဓိကလမ်းမှာ လိုင်းတစ်လိုင်းရှိမယ်။ ဖြတ်တဲ့လမ်းတွေတော့ ရှိဦးမှာပေါ့။ အရင်လို ယာဉ်လိုင်းတွေ မများတော့ဘဲ လျှော့ချတဲ့ သဘောပေါ့။ တတိယအဆင့်ကတော့ စီမံအုပ်ချုပ်တဲ့ စနစ်ပြောင်းသွားမယ်။ အရင်က မထသကနေ တာဝန်ယူတယ်။ အခုကတော့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က တာဝန်ယူမှာဖြစ်တယ်။ အရင်လိုလုံးဝ အဖြစ်ခံတော့မှာ မဟုတ်ဘူး။ နောက်ဆုံးအဆင့်ကတော့ အခုအသုံးပြုနေတဲ့ ကားတချို့က အတော်လေးဟောင်းနွမ်းနေပြီ။ သိသလောက်ဆိုရင် မှတ်ပုံတင်ထားတာ ခုနစ်ထောင်ကျော်ရှိတယ်။ တကယ်ပြေးတာက ၄၀၀၀ ကျော်လောက်မှာ ၂၀၀၀ လောက်က တော်တော်ကို ဟောင်းနွမ်းနေပြီ။ ပြောရရင် နှစ်ပေါင်း ၂၀ ကျော်နေပြီ။ ဒါတွေကို အစားထိုးပြောင်းလဲပြေးဆွဲတာ ဖြစ်တယ်။

**မေး။ အခုလို ပြောင်းလဲမှုအပေါ်မှာ တချို့ကားတွေကတော့ ဆရာတို့လိုင်းတွေကို ပြန်ဝင်လို့ရတယ်လို့ သိရတယ်။ ပြန်ဝင်လို့မရတဲ့ ဘီအမ်တို့၊ ဒိုင်နာဟောင်းနွမ်းနေတဲ့ ကားတို့ကျတော့ရော ဘယ်လိုစီမံထားပါသလဲ။**

ဖြေ။ အခု စနစ်သစ်ပြောင်းလဲပြေးဆွဲတာက ရန်ကုန်မြို့ရဲ့ စည်ပင်နယ်နိမိတ်အတွင်းပါ။ ပြန်ဝင်လို့မရတဲ့ ကားတွေရှိရင် စလစ်အသစ်ပြောင်းလဲပေးတာတို့၊ စည်ပင်နယ်နိမိတ်အပြင် ယာဉ်လိုင်းတွေမှာ ဝင်ရောက်ဆွဲတာတို့၊ ရန်ကုန်စည်ပင်နယ်နိမိတ်ပြင်ပနဲ့ ဆက်စပ်ယာဉ်လိုင်းတွေနဲ့ ဆက်ပြီးတော့ ဆွဲလို့ရပါတယ်။ ဒါပေမယ့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အစည်းရဲ့အောက်မှာ ခရိုင်လေးခုရှိတယ်။ အဲဒီအောက်မှာတော့ ကြီးကြပ်မှုခံယူရမှာ ဖြစ်ပါတယ်။

**မေး။ ဆရာတို့အနေနဲ့ စတင်ပြေးဆွဲမယ့် ဇန်နဝါရီ ၁၆ ရက်မှာ အစီးရေဘယ်လောက်နဲ့ စတင်ပြေးဆွဲဖြစ်မလဲ။ ကာလအပိုင်းအခြားရော ဘယ်လိုသတ်မှတ်ပြေးဆွဲသွားမှာလဲ။**

ဖြေ။ စတင်ပြေးဆွဲမယ့် ဇန်နဝါရီ ၁၆ ရက်မှာ ယာဉ်အစီးရေ သိပ်လျှော့ဖို့တော့ မရှိပါဘူး။ အနည်းဆုံးတော့ ပြေးဆွဲပေးမယ့် ယာဉ်အစီးရေက ၃၀၀၀ ကျော်မှာပါ။ အဲဒီနေ့မှာ နိုင်ငံတကာလို ပြောင်းသင့်တဲ့နေရာမှာတော့ ပြောင်းစီးရမှာပေါ့။ အခြေပြုတဲ့ လမ်းတော်တော်များများကိုတော့ အရှည်ဆွဲထားတာရှိပါတယ်။ သေချာတာကတော့ လိုင်းတွေအားလုံးတော့ မြို့ထဲကို မရောက်ဘူး။ ရောက်ရင်လည်း နဂိုအတိုင်း စုပုံကျပ်သွားမှာပဲ။ စနစ်ပြောင်းတာ ဘာမှမထူးဘူးဖြစ်သွားမယ်။ ပြေးဆွဲမယ့်အချိန်ကိုတော့ တချို့လိုင်းတွေ နံနက် ၅ နာရီစဆွဲမယ်။ တချို့ကို နံနက် ၆ နာရီပေါ့။ ညဆိုရင်လည်း မြို့လယ်ကနေ ည ၉ နာရီခွဲ ၁၀ နာရီအထိ ထွက်တဲ့ကားရှိနေမယ်။ အဲဒီလို စီမံထားတယ်။ အရင်ထက်စာရင် နံနက်စောစော၊ ညပိုင်းဆို နောက်ကျတဲ့အထိ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေမယ်။ အခုလို အောက်ဆိုက်ကားလုံးဝမရှိ စေရပါဘူး။ မှတ်တိုင်မှာ ကားအကြာကြီးရပ်၊ ခရီးသည်တွေဆီက ပိုတောင်းတာတို့၊ လမ်းကြောင်းပြောင်းမောင်းတာတို့၊ တခြားပြဿနာတွေ လုံးဝပျောက်သွားမှာ ဖြစ်တယ်။

**မေး။ ဒီပြောင်းလဲပြေးဆွဲမယ့် စနစ်နဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ပြည်သူကို ဘာပြောချင်ပါသေးသလဲ။**

ဖြေ။ ဒီစနစ်ဟာ ရန်ကုန်မြို့ကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ပိုမိုကောင်းမွန်ဖို့ လုပ်ခြင်းဖြစ်ပါတယ်။ ဒါဟာ အရေးကြီးတဲ့အတွက် ဘတ်စ်ကားစနစ် ပိုကောင်းအောင် အရင်က စနစ်ကို ပြင်ဆင်တာပါ။ ပိုင်ဆိုင်မှုစနစ်ကိုလည်း ပြင်တယ်။ ပြေးဆွဲမှုစနစ်ကိုလည်း ပြင်တယ်။ အုပ်ချုပ်မှုစနစ်ကိုလည်း ပြင်တယ်။ ကားအို ကားဟောင်း ဒါတွေကိုလည်းပြင်တာဖြစ်တဲ့အတွက် အစပိုင်းမှာတော့ အခက်အခဲတွေ အများကြီးရှိမှာပါ။ လိုအပ်ချက်တွေလည်း အများကြီးရှိမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ပထမပိုင်းတော့ အများကြီးသည်းခံပေးကြပါ။ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို လက်တွေ့ဖြေရှင်းပေးမှာ ဖြစ်ပါတယ်။ သေချာပေါက်ပြောနိုင်တာက ကာလရှည်မှာ တကယ့်ကို ဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာမှာပါ။ ပြည်သူတွေအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချရမှု ရှိလာမယ်။ ဒုတိယကတော့ သက်သောင့်သက်သာရှိပြီးတော့ အဆင်ပြေတဲ့စနစ်ဖြစ်လာမယ်။ ယာဉ်စီးခ ပိုတောင်းတာ၊ လမ်းကြောင်းပြောင်းတာ၊ ဖြတ်တာ၊ ခရီးသွားပြည်သူကို ယာဉ်အကူတွေက ပြဿနာရှာတာတို့ လုံးဝပျောက်သွားမှာ ဖြစ်တယ်။ ဒါတွေပျောက်သွားဖို့လည်း အာမခံနိုင်ပါတယ်။ အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်မယ်ဆိုတာ တထစ်ချ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဒီစနစ်အပေါ်မှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်။



YBS Yangon Bus Service ၂၁ ၇ ၄၅ ၉

YRTA Yangon Region Transport Authority ၂၁ ၇ ၄၅ ၉

**ဇန်နဝါရီ ၁၆ ရက်မှ စတင်ပြောင်းလဲပြေးဆွဲမည့် ဘတ်စ်ကားလိုင်းများနှင့် ပြေးဆွဲမည့် ခရီးစဉ်လမ်းကြောင်းများ -**

**၁** လှည်းကူးဈေးရှေ့၊ တာဆုံ၊ ဒရယ်ဖို - ပေါက်ကုန်း - ရဲမွန် - စီအိုတီ - ဇရပ်ကွင်း(တာဆုံ) - အင်းတိုင် - တရုတ်ကုန်း - သနပ်ပင် - သဃ်န်းကျွန်း - ရွာသာကြီး (စီးပွားရေးတက္ကသိုလ်) - တောင်မြောက်လမ်းဆုံ - စံပြဈေး - ဇဝန - သုမင်္ဂလာ - ရတနာလမ်း - မြင်သာ(ကညန) - စံပြဈေး

**၂** ယုဇန(ခိုင်ရွှေဝါလမ်း) - ပြည်ထောင်စုလမ်း - လှော်ကားလမ်း - မောင်းမကန်လမ်း - အမှတ် (၂)လမ်း - တောင်မြောက်လမ်းဆုံ - ပြည်ထောင်စုလမ်း - ဗိုလ်မှူးဗထူးလမ်း - မြောက်ဥက္ကလာပအဝိုင်း - ခေမာသီလမ်း - ဆေးတက္ကသိုလ်(၂) - မြောက်ဥက္ကလာပဆေးရုံ - သုဓမ္မာလမ်း - ၆ ကွေ့ - အောင်မင်္ဂလာအဝေးပြေးဝင်း

**၃** ယုဇနဥယျာဉ်မြို့တော်၊ ပဲခူးမြစ်လမ်း - ဧရာဝဏ်လမ်း - မောင်းမကန်လမ်း - စည်ပင်လမ်း - တောင်မြောက်လမ်းဆုံ - စံပြဈေး - လေးထောင့်ကန်လမ်း - အရှေ့မြင်းပြိုင်ကွင်းလမ်း - တာမွေအဝိုင်း - ဗညားဒလလမ်း - ယုဇနပလာဇာ - မင်္ဂလာဈေး - ကျိုက္ကဆံလမ်း

**၄** ယုဇနဥယျာဉ်မြို့တော်၊ ပဲခူးမြစ်လမ်း - ဧရာဝဏ်လမ်း -ကွေ့မ - ရတနာလမ်း၊ တိုင်းရင်းသားကျေးရွာ - သံလျင်တံတား ချဉ်းကပ်လမ်း - သာကေတအဝိုင်း - ကျောက်တိုင် - မင်းနန္ဒာလမ်း - မဟာဗန္ဓုလတံတား - အနော်ရထာလမ်း - ဆူးလေ

**၅** ရိုးမရိပ်သာ၊ ၈၉ လမ်းဆုံ၊ ပဲခူးမြစ်လမ်း - ယုဇနဥယျာဉ်၊ ကျွန်းရွှေဝါလမ်း၊ ရွှေလီလမ်း၊ ရတနာလမ်း - တိုင်းရင်းသားကျေးရွာ - သာကေတအဝိုင်း - ကျောက်တိုင် - မင်းနန္ဒာလမ်း - စက်ဆန်းတံတား - ညောင်တန်း - အနော်ရထာလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ဗိုလ်ချုပ်အောင်ဆန်းလမ်း

**၆** အောင်မြင့်မိုရ် - လှော်ကားလမ်း - မောင်းမကန်လမ်း - စည်ပင်လမ်း - တောင်မြောက်လမ်းဆုံ - စံပြဈေး - သံသုမာလမ်း - ဘေလီ - ချော်တွင်းကုန်း - နဝဒေး - ၈ မိုင်လမ်းဆုံ - ကျိုက်ဝိုင်းဘုရားလမ်း - မင်းဓမ္မလမ်း - စော်ဘွားကြီးကုန်း - ပြည်လမ်း - ၁၀ မိုင်ကုန်း - ၉ မိုင် - ၈ မိုင်လမ်းဆုံ

**၇** တောင်ဒဂုံ (၇၀/၇၂) ရပ်ကွက် - ရတနာပုံလမ်း - ကျန်စစ်သားလမ်း - လှော်ကားလမ်း - ဘုန်းကြီးကျောင်းကွေ့ - ကုန်တိုက် - ပြည်ထောင်စုလမ်း - စက်မှုဇုန် - တောင်မြောက်လမ်းဆုံ - စံပြဈေး - ဇဝန - တာမွေ(ဗလီ) - မင်္ဂလာဈေး - သိမ်ဖြူ - အနော်ရထာလမ်း - ဆူးလေ - မဟာဗန္ဓုလလမ်း

**၈** အင်းဝအိမ်ရာ - သာကေတ(အဝိုင်း) - ဧရာဝဏ်လမ်း - (၇)ဈေးလမ်း - မြင်တော်သာလမ်း - သုဓမ္မာလမ်း - မင်းနန္ဒာလမ်း - ယမုံနာလမ်း - သာကေတတံတား - မင်္ဂလာဈေး - နတ်မောက်လမ်း - ဦးထောင်ဘိုလမ်း - ရွှေတိဂုံဘုရားလမ်း - ဇီဝကလမ်း

**၉** တိုင်းရင်းသားနည်းပညာတက္ကသိုလ် - ဧရာဝဏ်လမ်း - ကျောက်တိုင် - မင်းနန္ဒာလမ်း - ဒေါပုံ - သာကေတတံတား - ယုဇနပလာဇာ - ကျိုက္ကဆံလမ်း - ရွှေဗဟို - သမိန်ဗရမ်းလမ်း - ကြက်ဘဲဈေး - သံသုမာလမ်း - သုဝဏ္ဏတံတား - ကျောက်တိုင်

**၁၀** တိုင်းရင်းသားကျေးရွာ - ရှခင်းသာမြို့ပတ်လမ်း - ၅ ကွေ့ - ဇင်ဂမလမ်း - မင်းနန္ဒာလမ်း - ကျောက်တိုင် - သုဝဏ္ဏတံတား - အသင်းတိုက် - ဇဝန - သုမင်္ဂလာလမ်း - ပါရမီလမ်း - ချော်တွင်းကုန်း - နဝဒေး - သုဓမ္မာလမ်း - မြောက်ဥက္ကလာပအဝိုင်း - ဗိုလ်မှူးဗထူးလမ်း - ဒဂုံတက္ကသိုလ်

**၁၁** ခရေရိပ်မွန်အိမ်ရာ - ခရေပင်လမ်းခွဲ - စော်ဘွားကြီးကုန်း - အင်းစိန်ပန်းခြံ - ဗဟိုလမ်း - ရွာမကျောင်းလမ်း - ဗဟိုလမ်း - လှည်းတန်း - ခိုင်ရွှေဝါ - ဟံသာဝတီလမ်း - အထက်ကြည့်မြင်တိုင်လမ်း - ဗားကရာလမ်း - မြေနီကုန်း - ဓမ္မစေတီလမ်း - လင့်လမ်း - အနောက်ရွှေဂုံတိုင်လမ်း - သွေးဆေးကန်လမ်း - ရွှေတိဂုံဘုရားလမ်း - ဇီဝကလမ်း - ဦးဝိစာရလမ်း - ဦးထောင်ဘိုလမ်း

**၁၂** (၅၀) ကွေ့ - ၄၆ လမ်းဆုံ - (၇/၈) လမ်းဆုံ - မဝတလမ်းဆုံ - ဘေလီ - ပါရမီလမ်း - နန္ဒဝန်ဈေး - သစ္စာလမ်း - မိုးကောင်းလမ်း - ကံဘဲ့လမ်း - ရန်ကင်းလမ်း - ဂွတ္တလစ်ဈေးကွေ့ - တာမွေအဝိုင်း - ရွှေဂုံတိုင်လမ်း - ရွှေဂုံတိုင် - ရန်ကုန်ဘူတာကြီး - ဆူးလေ

**၁၄** ဒဂုံမြောက်(ဘုရင့်နောင်လမ်းဆုံ) - ဘုရင့်နောင်လမ်း- ပင်လုံလမ်း - ဘေလီ - သံသုမာလမ်း - ရတနာလမ်း - မိုးကောင်းလမ်း - တာမွေအဝိုင်း - ဦးချစ်မောင်လမ်း - ရန်ကင်းစင်တာ - ရန်ကင်းလမ်း - ရန်ရှင်းလမ်း - စက်မှု(၁)လမ်း - ကမ္ဘာအေးဘုရားလမ်း - ကုက္ကိုင်း - တက္ကသိုလ်ရိပ်သာလမ်း - လှည်းတန်းလမ်း - ဆင်မလိုက် - ကြည့်မြင်တိုင် ကမ်းနားလမ်း - သခင်မြပန်းခြံ

**၁၅** (၅၀) ကွေ့၊ ပြည်ထောင်စုလမ်း၊ ရာဇာသင်္ကြန်လမ်း၊ ကြိုးတံတား - ခေမာသီလမ်း - မြောက်ဥက္ကလာပအဝိုင်း - သုဓမ္မာလမ်း - နဝဒေး - ၈ မိုင်လမ်းဆုံ - သမိုင်းလမ်းဆုံ - ဘုရင့်နောင်လမ်းဆုံ - ဘုရင့်နောင်လမ်း - ပေါက်တောဝ - အင်းစိန်ပန်းခြံ - ဘီအိုစီ - YTU - သမိုင်းလမ်းဆုံ

**၁၆** ရွှေပေါက်ကံ(တောင်ငူလမ်း) - ကျောက်လမ်း - ၆ ကွေ့ - မြောက်ဥက္ကလာပအဝိုင်း - နဝဒေး - ၈ မိုင်လမ်းဆုံ - ဘုရင့်နောင်တံတား - ပုသိမ်လမ်း - သမကုန်း - ဒဂုံဧရာအဝေးပြေးဝင်း

**၁၇** ရွှေပေါက်ကံ - (ဆင်ဖုံ) - ၆ ကွေ့ - အောင်မင်္ဂလာအဝေးပြေးဝင်း - ခရေပင်လမ်းခွဲ - ဒညင်းကုန်းလမ်းဆုံ - ရွှေပြည်သာတံတား - ပေါက်တန်းအဝိုင်း - သမကုန်းအဝိုင်း - အနောက်ပိုင်းနည်းပညာတက္ကသိုလ်

**၁၈** ခရေရိပ်မွန် - အမှတ်(၃)လမ်းဆုံ - အောင်မင်္ဂလာအဝေးပြေးဝင်း - ၆ ကွေ့ - သုဓမ္မာလမ်း - ဘုန်းကြီးလမ်း - သံသုမာလမ်း - ဘေလီ - ပါရမီလမ်း - အသင်းတိုက် - သံသုမာလမ်း - ကြက်ဘဲဈေး - သမိန်ဗရမ်းလမ်း - ကျိုက္ကဆံလမ်း - အရှေ့မြင်းပြိုင်ကွင်းလမ်း - လေးထောင့်ကန်လမ်း - ဝေဇယန္တာလမ်း - ဇဝန

**၁၉** ရွှေပေါက်ကံ - (ဆင်ဖုံ) - ၆ ကွေ့ - သုဓမ္မာလမ်း - မြောက်ဥက္ကလာပအဝိုင်း - နဝဒေး - ၈ မိုင်လမ်းဆုံ - သမိုင်းလမ်းဆုံ - ဘုရင့်နောင်လမ်းဆုံ - ဘုရင့်နောင်လမ်း - သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - သခင်မြပန်းခြံ

**၂၀** TB ဆေးရုံ - ဒဂုံဧရာအဝေးပြေးဝင်း - သမကုန်းအဝိုင်း - ဘီအိုစီအဝိုင်း - ဘုရင့်နောင်တံတား - ဘုရင့်နောင်လမ်း၊ သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - ဗားကရာလမ်း - မြေနီကုန်း - လင့်လမ်း - ရွှေဂုံတိုင် - တာမွေအဝိုင်း - တာမွေလမ်း - ဗညားဒလလမ်း - ယုဇနပလာဇာ - သိမ်ဖြူ - မြရာကုန်းလမ်း - မြန်မာ့ဂုဏ်ရည်လမ်း - သိမ်ဖြူ

**၂၁** အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်) - ပေါက်ကုန်းအဝိုင်း - ရွှေပြည်သာတံတား - ၁၄ လမ်းဆုံ - ဒညင်းကုန်း - အောက်မင်္ဂလာဒုံလမ်း - ပြည်တော်သာ - မင်းကြီးလမ်း - အင်းစိန်ပန်းခြံ - YTU - သမိုင်းလမ်းဆုံ - လှည်းတန်း - မြေနီကုန်း - စံပြ - ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၂၂** အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်) - ပေါက်ကုန်းအဝိုင်း - ရိုးကြီးရိုးလေး - သမကုန်း - မီးခွက်ဈေး - အောင်ဇေယျတံတား - ပေါက်တောဝ - အင်းစိန်ပန်းခြံ - ဗဟိုလမ်း - အနောက်ကြို့ကုန်း - ဗဟိုလမ်း - ရွာမကျောင်းလမ်း - လှည်းတန်းခိုင်ရွှေဝါ - ဟံသာဝတီ - အထက်ကြည့်မြင်တိုင်လမ်း - စလင်းကွင်း - ဗားကရာ - အနောက်ပိုင်းဆေးရုံ- အလုံလျှပ်စစ်ရုံး - ဂျမခန်နာ - သခင်မြပန်းခြံ

**၂၃** (တူးချောင်း) - အနောက်ပိုင်းနည်းပညာတက္ကသိုလ် - ပုသိမ်လမ်း - သမကုန်းအဝိုင်း - ဘီအိုစီအဝိုင်း - ဘုရင့်နောင်တံတား - ဘုရင့်နောင်လမ်း - သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၂၄** ကျန်စစ်သားလမ်း - တပင်ရွှေထီးလမ်း - ပြည်ထောင်စုလမ်း - တောင်မြောက်လမ်းဆုံ - လေးထောင့်ကန်လမ်း - စံပြဈေး - ဇဝန - အသင်းတိုက် - သုဝဏ္ဏတံတား - သံသုမာလမ်း - ကြက်ဘဲဈေး - အထက်ပုဇွန်တောင်လမ်း - ပုဇွန်တောင်ဈေး - မဟာဗန္ဓုလတံတားအောက် - ရာဇဓိရာဇ်လမ်း - ကမ်းနားလမ်း - ဗိုလ်တထောင်ဘုရားလမ်း

**၂၅** ဒဂုံတက္ကသိုလ် - မင်းရဲကျော်စွာလမ်း - (၇/၈)လမ်းဆုံ - ပြည်ထောင်စုလမ်း - တောင်မြောက်လမ်းဆုံ - ငမိုးရိပ်တံတား - သံသုမာလမ်း - ကြက်ဘဲဈေး - သမိန်ဗရမ်းလမ်း - ရွှေဗဟိုရ် - တာမွေ(ဗလီ) - ကျိုက္ကဆံလမ်း - ယုဇနပလာဇာ - မင်္ဂလာဈေး

**၂၆** ဒဂုံတက္ကသိုလ် - မင်းရဲကျော်စွာလမ်း - ပြည်ထောင်စုလမ်း - ပင်လုံလမ်း - ဘေလီ - သံသုမာလမ်း - ရတနာလမ်း - အောင်ဇေယျလမ်း - မိုးကောင်းလမ်း - အရှေ့မြင်းပြိုင်ကွင်းလမ်း - တာမွေအဝိုင်း - သမိန်ဗရမ်းလမ်း - ကြက်ဘဲဈေး - အထက်ပုဇွန်တောင်လမ်း - ပုဇွန်တောင်ဈေး - မဟာဗန္ဓုလတံတားအောက် - ရာဇဓိရာဇ်လမ်း - ကမ်းနားလမ်း - ဗိုလ်တထောင်ဘုရားလမ်း

**၂၇** စိတ်ကျန်းမာရေး - မင်းရဲကျော်စွာလမ်း - ၁၃၃ ရပ်ကွက် - ဒဂုံတက္ကသိုလ် - မင်းရဲကျော်စွာလမ်း - ပြည်ထောင်စုလမ်း - ဗိုလ်မှူးဗထူးလမ်း - ဦးဝိစာရလမ်း - ဘေလီ - သံသုမာလမ်း - ရတနာလမ်း - မိုးကောင်းလမ်း - အရှေ့မြင်းပြိုင်ကွင်းလမ်း - တာမွေအဝိုင်း - တာမွေလမ်း - ဗညားဒလလမ်း - ယုဇနပလာဇာ - မင်္ဂလာဈေး - ကျိုက္ကဆံလမ်း

**၂၈** ဒဂုံတက္ကသိုလ် - ဗိုလ်မှူးဗထူးလမ်း - မြောက်ဥက္ကလာပအဝိုင်း - နဝဒေး - ကမ္ဘာအေးဘုရားလမ်း - ဗဟန်း(၃)လမ်း - ရန်ကုန်ဘူတာကြီး - ဆူးလေမြို့တော်ခန်းမ

**၂၉** ဒဂုံတက္ကသိုလ် - ကျန်စစ်သားလမ်း - မင်းရဲကျော်စွာလမ်း - ပြည်ထောင်စုလမ်း - ပင်လုံလမ်း - ဘေလီ - သံသုမာလမ်း - သစ္စာလမ်း - ကံဘဲ့လမ်း - ရန်ကင်းလမ်း - ဂွတ္တလစ်ဈေး - တာမွေအဝိုင်း - ရွှေဂုံတိုင် - ကမ္ဘာအေးဘုရားလမ်း - ရန်ကုန်ဘူတာကြီး - ဆူးလေ

**၃၀** ဒဂုံတက္ကသိုလ် - ကျန်စစ်သားလမ်း - မင်းရဲကျော်စွာလမ်း - ပြည်ထောင်စုလမ်း - ဘေလီ - ပါရမီ - ညောင်ပင် - ကမ္ဘာအေးဘုရားလမ်း - ၈ မိုင်လမ်းဆုံ - လှည်းတန်းလမ်း - ကြည့်မြင်တိုင် - သခင်မြပန်းခြံ

**၃၁** သန်လျင်အရှေ့ပိုင်းတက္ကသိုလ် - သန်လျင်ကျောက်တန်းလမ်း - သန်လျင်အမှတ်(၁)တံတား - ရှခင်းသာမြို့ပတ်လမ်း - ယမုံနာလမ်း - မဟာဗန္ဓုလတံတား - ဗိုလ်တထောင်ဈေးလမ်း - အနော်ရထာလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ကုန်သည်လမ်း - ဗိုလ်တထောင်ဈေးလမ်း

**၃၂** ရေကြောင်းတက္ကသိုလ် - ဘုရားလမ်းဆုံ - သန်လျင်(မြို့မဈေး) ၊ ဗိုလ်ချုပ်နေဝင်းလမ်း - သန်လျင်အမှတ်(၁)တံတား - သာကေတအဝိုင်း - ဧရာဝဏ်လမ်း - ကျောက်တိုင် - သုဝဏ္ဏတံတား - ဝေဇယန္တာလမ်း - လေးထောင့်ကန်လမ်း - ဇဝန - သုမင်္ဂလာလမ်း - ပါရမီလမ်း - ဘေလီ - သံသုမာလမ်း - ဘုန်းကြီးလမ်း - မြောက်ဥက္ကလာပအဝိုင်း - အမှတ်(၃)လမ်းဆုံ - ခရေရိပ်မွန်အိမ်ရာ

**၃၃** ကျောက်တန်း - ကျောက်တန်း(သန်လျင်လမ်း) - သန်လျင်အမှတ်(၁)တံတား ၊ သာကေတအဝိုင်း - ကျောက်တိုင် - မင်းနန္ဒာလမ်း - ဒေါပုံ - မင်္ဂလာဈေး - ကျိုက္ကဆံလမ်း - ဗညားဒလလမ်း - ယုဇနပလာဇာ

**၃၄** ခရမ်းသုံးခွ - အရှေ့ပိုင်းတက္ကသိုလ် - သန်လျင်ကျောက်တန်းလမ်း - သန်လျင်အမှတ်(၁)တံတား ၊ သာကေတ(အဝိုင်း) ၊ မြင်တော်သာလမ်း - မဟာဗန္ဓုလတံတား - ဗိုလ်တထောင်ဘုရားလမ်း - ကမ်းနားလမ်း - သိမ်ဖြူလမ်း - ဗဟာဗန္ဓုလလမ်း

**၃၅** ထောက်ကြန့် - နွယ်ခွေ - အမှတ်(၃)လမ်း - ပုလဲမြို့သစ် - အမှတ်(၃)လမ်းဆုံ - ခရေပင်လမ်းခွဲ - ပြည်လမ်း - ၈ မိုင်လမ်းဆုံ - လှည်းတန်း - မြေနီကုန်း - ဘုန်းကြီးလမ်း - ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၃၆** ထောက်ကြန့် - နွယ်ခွေ - အမှတ်(၃)လမ်း - ပုလဲမြို့သစ် - အမှတ်(၃)လမ်းဆုံ - သုဓမ္မာလမ်း - မြောက်ဥက္ကာလာပအဝိုင်း - နဝဒေး - ကမ္ဘာအေးဘုရားလမ်း - ဗဟန်း(၃)လမ်း - ရန်ကုန်ဘူတာကြီး - ဆူးလေ

**၃၇** ထောက်ကြန့် - ပြည်လမ်း - ခရေပင်လမ်းခွဲ - စော်ဘွားကြီးကုန်း - ၁၀ မိုင်ကုန်း - ၈ မိုင်လမ်းဆုံ - လှည်းတန်း - မြေနီကုန်း - စံပြ - ဘုန်းကြီးလမ်း - ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၃၈** ဘေလီ - သံသုမာလမ်း - တောင်ဥက္ကလာဘုရား၊ သစ္စာလမ်း၊ မိုးကောင်းလမ်း၊ ရန်ကင်းလမ်း၊ ရန်ရှင်းလမ်း - စက်မှု(၁)လမ်း - ကမ္ဘာအေးဘုရားလမ်း - ကုက္ကိုင်း - တက္ကသိုလ်ရိပ်သာလမ်း - လှည်းတန်းလမ်း - ဆင်မလိုက် - ဘုရင့်နောင်လမ်း - သီရိမင်္ဂလာဈေးသစ်

**၃၉** ရွှေပြည်သာ(လိန်ကုန်း) - အမှတ်(၄)လမ်း - ကွန်ပျူတာတက္ကသိုလ် - ဒညင်းကုန်း - ပြည်တော်သာ(အောက်လမ်း) - ဘီအိုစီ - YTU - သမိုင်းလမ်းဆုံ - လှည်းတန်း - မြေနီကုန်း - စံပြ - ဘုန်းကြီးလမ်း - ကမ်းနားလမ်း - မော်တင် - မဟာဗန္ဓုလလမ်း

**၄၀** ရွှေပြည်သာ(လိန်ကုန်း) - ထန်းခြောက်ပင် - ပုလဲလမ်း - ၁၄ လမ်းဆုံ - ဒညင်းကုန်းလမ်းဆုံ - ဒဂုံ - ပြည်တော်သာ - ဘုရင့်နောင် လမ်းမကြီး - ပေါက်တောဝ - ဘုရင့်နောင် - သီရိမင်္ဂလာဈေးသစ် - ဆင်မလိုက် - စံပြငါးဈေး - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၄၁** ထောက်ကြန့် - ပြည်လမ်း - စော်ဘွားကြီးကုန်း - လမ်းသစ်လမ်း - အင်းစိန်ပန်းခြံ - လှည်းတန်းလမ်း - ၃ ထောင်ကွေ့ - အောက်ကြည့်မြင်တိုင်လမ်း - အထက်ကြည့်မြင်တိုင်လမ်း - သခင်မြပန်းခြံ

**၄၂** ရွှေပြည်သာ(လိန်ကုန်း) - လှော်ကားလမ်း - မဟာဗန္ဓုလလမ်း - ဘုရင့်နောင်လမ်း - ထန်းခြောက်ပင် - ရွှေပြည်သာကွေ့ - ဒညင်းကုန်းလမ်းဆုံ - ခရေပင်လမ်းခွဲ - အမှတ်(၃)လမ်းဆုံ - သုဓမ္မာလမ်း - ဘုန်းကြီးလမ်း - သံသုမာလမ်း - ကမာကြည်လမ်း - သာကေတအဝိုင်း - သံလျင်တံတား - ချဉ်းကပ်လမ်း - ရှခင်းသာမြို့ပတ်လမ်း - ရတနာလမ်း

**၄၃** လိန်ကုန်း - လှော်ကားလမ်း - တာဆုံ - အမှတ်(၄)လမ်း - ပြည်လမ်း - မှော်ဘီဈေးရှေ့

**၄၄** လိန်ကုန်း - လှော်ကားလမ်း - တာဆုံ - အမှတ်(၄)လမ်း - ဒညင်းကုန်း - ခရေပင်လမ်းခွဲ - ထောက်ကြန့် - ရန်ကုန်ပဲခူးလမ်း - လှည်းကူးဈေးရှေ့

**၄၅** လှည်းကူးဈေးရှေ့ - ဖောင်ကြီးလမ်း - ဖောင်ကြီး - မင်းကုန်း

**၄၆** ဒါးပိန် - အမှတ်(၂)လမ်း - ရွာသာကြီးစီးပွားရေးတက္ကသိုလ် - တောင်မြောက်လမ်းဆုံ

**၄၇** လှိုင်သာယာဘီအိုစီ - တွံတေးကြိုးတံတား - တွံတေးမြို့ - ဘုရားငုတ်တို - ကံဘဲ့ - တွံတေး

**၄၈** ဒလ - ဘုရားငုတ်တို - တွံတေး

**၄၉** လှိုင်သာယာဘီအိုစီ - တွံတေးကြိုးတံတား - ဘုရားငုတ်တို - ကံဘဲ့ - ကော့မှူး ၊ ကွမ်းခြံကုန်း

**၅၀** ဒလ - ဘုရားငုတ်တို - ကံဘဲ့ - ကော့မှူး ၊ ကွမ်းခြံကုန်း

**၅၁** ပဲခူး - သနပ်ပင် - ခရမ်း

**၅၂** ထန်းတစ်ပင် - ရန်ကုန်ပုသိမ်လမ်း - ရန်ကုန်ညောင်တုန်းလမ်း - မီးခွက်ဈေး

**၅၃** ရွှေလင်ဗန်းလမ်းဆုံ - ကျန်စစ်သားလမ်း - ညောင်တုန်းလမ်း - ဗိုလ်အောင်ကျော်လမ်း - ရွှေလင်ဗန်းလမ်းဆုံ

**၅၄** ၈၆ ဂိတ် - အနော်ရထာလမ်း - ရွှေရင်အေးလမ်း - ဗိုလ်အောင်ကျော်လမ်း - အောက်ထိပ် - ပုသိမ်လမ်း - ကျန်စစ်သားလမ်း - ညောင်တုန်းလမ်း - ဗိုလ်အောင်ကျော်လမ်း - ရွှေရင်အေးလမ်း - ၈၆ ဂိတ်

**၅၅** တိုက်ကြီး - ဥက္ကံ - မြောင်းတကာ - မှော်ဘီနည်းပညာတက္ကသိုလ် - မှော်ဘီ - ထောက်ကြန့်

**၅၆** သခင်မြပန်းခြံ - ဗိုလ်ချုပ်အောင်ဆန်းလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ကုန်သည်လမ်း - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၅၇** သခင်မြပန်းခြံ - ကမ်းနားလမ်း - မဟာဗန္ဓုလလမ်း - ဗိုလ်တထောင်ဘုရားလမ်း - ကမ်းနားလမ်း - သခင်မြပန်းခြံ

**၅၈** ဗိုလ်တထောင်ဘုရားလမ်း(ကမ်းနားလမ်း) - ဗိုလ်တထောင်ဘုရားလမ်း - အနော်ရထာလမ်း - ကမ်းနားလမ်း - ဗိုလ်တထောင်ဘုရားလမ်း

**၅၉** သဃ်န်းကျွန်းစံပြဈေး - သံသုမာ - ကြက်ဘဲဈေး - အသောကလမ်း - တာမွေအဝိုင်း - သမိန်ဗရမ်းလမ်း - ရွှေဂုံတိုင်လမ်း - ရွှေဂုံတိုင်ခုံးကျော်တံတား - ရွှေဂုံလမ်း - ဓမ္မစေတီလမ်း - ဗားကရာလမ်း - အောက်ကြည့်မြင်တိုင်လမ်း - သခင်မြပန်းခြံလမ်း - ကြည့်မြင်တိုင်ကမ်းနားလမ်း - နှင်းဆီကုန်းလမ်း

**၆၀** တောင်ဒဂုံ - သာကေတ ဧရာဝဏ် - ပြည်ထောင်စုလမ်းဆုံ - ပြည်ထောင်စုလမ်းမကြီး - တောင်မြောက်လမ်းဆုံ - အမှတ် ၂ လမ်း - သဃ်န်းကျွန်းစံပြဈေး - သံသုမာလမ်း - ရတနာလမ်း - အောင်ဇေယျလမ်း - ကျောက်ကုန်း။

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms.ToneTinnes အား ယနေ့နံနက်၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ အဆောင်အမှတ် (I-11) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေများ၊ ဥပဒေရေးရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် နော်ဝေနိုင်ငံအနေဖြင့် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သွားနိုင်မည့် အခန်းကဏ္ဍတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးထွန်းကို ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်ကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ရာသီဥတုပြောင်းလဲမှု လျော့ကျရေး အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ပေး



## မြန်မာနိုင်ငံအခြေပြု နိုင်ငံတကာသံတမန်များအဖွဲ့ မောင်တောဒေသအတွင်း ကွင်းဆင်းလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျသံရုံးနှင့် ECHO တို့မှ သံတမန်များပါဝင်သည့် မြန်မာနိုင်ငံအခြေပြု နိုင်ငံတကာသံတမန်များအဖွဲ့သည် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မီးလောင်နေရာများ၊ ကျေးလက်ဆေးပေးခန်းများသို့ ယမန်နေ့က သွားရောက်ပြီး စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများကို ကွင်းဆင်းကြည့်ရှုလေ့လာမေးမြန်းကြသည်။

သံတမန်များအဖွဲ့သည် နံနက်ပိုင်းတွင် ကျီးကန်းပြင်ကျေးရွာအုပ်စု ဝါးပိတ်ကျေးရွာရှိ မီးလောင်မြေနေရာများနှင့် ဒါးကြီးစားကျေးရွာရှိ မီးလောင်မြေနေရာများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မောင်တောမြို့မဈေးအား လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သံတမန်များအဖွဲ့သည် ညောင်ချောင်းကျေးရွာအုပ်စု ရွှေရင်အေးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် အလယ်သံကျော်ကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဆေးခန်းများသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လူနာရောက်ရှိမှုအခြေအနေ၊ အဖြစ်များသည့်ရောဂါများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေတို့အား မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် သံတမန်များအဖွဲ့သည် ဂေါ်ဒူသာရကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားအချို့အား တွေ့ဆုံ၍ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် လုံခြုံရေးအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် မောင်နီကျေးရွာ၌ မြင်းကောင်ရေ ၂၀ နှင့်အထက် စက်တပ်ငါးဖမ်းရေယာဉ်များအား ကွင်းဆင်းမှတ်ပုံတင်ပေး

**မောင်တော ဇန်နဝါရီ ၁၁**

မောင်တောမြို့နယ် အတွင်း၌ အောက်တိုဘာ ၉ ရက်က အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားခဲ့မှုကြောင့် ရပ်နားထားခဲ့ရသော ငါးဖမ်းရေယာဉ်များအား မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ ခုတ်မောင်းခွင့်လိုင်စင် ပြုလုပ်ပေးခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြုလုပ်ပေးခြင်းများကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပြည်နယ်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ် အာမခံလုပ်ငန်းနှင့် မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက မောင်တောမြို့နယ် မောင်နီကျေးရွာ ငါးဖမ်းစက်လှေအသင်းရုံးတွင် ရေလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မှတ်ပုံတင်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကျော်ဦးက ဒေသခံပြည်သူများ ဝင်ငွေရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိရေးတို့အတွက် ငါးဖမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ တာဝန်ရှိသူများက ယခုလိုကွင်းဆင်းဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညဏ်ဝင်းဦးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ငါးဖမ်းခြင်းကိုအကြောင်းပြု၍ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်သမားများနှင့်ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းမပြုလုပ်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ငါးဖမ်းစက်လှေအရွယ်အစား၊ အရောင်သတ်မှတ်ချက်နှင့် အင်ဂျင်ပါဝါအမျိုးအစားများနှင့် ပတ်သက်၍လည်းကောင်း၊ မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ငါးဖမ်းရေယာဉ်များနှင့်ပတ်သက်၍ လုပ်ကိုင်လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းခဲ့ကြသည်။

ထို့နောက် သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီသည့် ငါးဖမ်းစက်လှေ ၂၀ စင်းကို ပူးပေါင်းအဖွဲ့မှ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြသည်။ မောင်နီကျေးရွာအား ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆက်လက်၍လည်း အလယ်သံကျော်ရွာနှင့် ပညောင်ပင်ကြီးရွာတို့တွင် စီမံချက်ကာလအတွင်း နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မောင်တောမြို့နယ်အတွင်းရှိ ငါးဖမ်းစက်လှေများ၏ ကုန်းပတ်နှင့် အပေါ်ကိုယ်ထည်တို့တွင် အဏ္ဏဝါမြူအစိမ်းနုရောင်ခြယ်သ၍ ထိပ်ဦးပိုင်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် အဝါရောင်အောက်ခံ၌ အနက်ရောင် စာလုံးများဖြင့် ရေယာဉ်အမည်နှင့် မှတ်ပုံတင်အမှတ်တို့ကို ရေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



❒ **ရွှေ့ဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ မြို့ပြသယ်ယူပို့ဆောင်ရေး ဆောင်ရွက်နေသော ခရီးသည်တင်ယာဉ်လိုင်းများကို ယခင် မထသမှ စီမံကြပ်မတ်သည့်စနစ်မှ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ကြီးကြပ်ကွပ်ကဲကာ စနစ်သစ်ဖြင့် ပြောင်းလဲပြေးဆွဲမှုစတင်မည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် ယာဉ်လိုင်းကုမ္ပဏီ ရှစ်ခုကို သက်ဆိုင်ရာ လမ်းကြောင်းများအလိုက် ယာဉ်လိုင်း ၆၀ ခန့်ဖြင့် ပြေးဆွဲစေမည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီများကို ကြပ်မတ်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယခင်က ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိခဲ့ရာမှ လမ်းကြောင်းများ ပြန်လည်ရေးဆွဲကာ လမ်းကြောင်းသစ်ဖြင့် စတင်ပြေးဆွဲစေမည်ဖြစ်ရာ စနစ်သစ်ပြောင်းလဲသည့် ပထမရက်သတ္တပတ်အတွင်း ခရီးသွားပြည်သူများအား ကူညီရန် သက်ဆိုင်ရာ တာဝန်ရှိသူများအပြင် စေတနာ့ဝန်ထမ်းများကို ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

◆

# (၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၁**

(၄)ကြိမ်မြောက် ဘင်းမ်စတက် စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်ရွှေပြည်တော်၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကဏ္ဍပေါင်းစုံ၌ နည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် ဘင်းမ်စတက်အဖွဲ့သည် သယံဇာတအရင်းအမြစ်များနှင့် ပထဝီအနေအထားတို့ကို အခြေခံ၍ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကာ ဒေသတွင်းစွမ်းအင်ဖူလုံရေးနှင့် ပိုမိုခိုင်မာကောင်းမွန်သည့် အသိုက်အဝန်းဖော်ဆောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားပင်လယ်အော် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်ရေး ဧရိယာ ၁၄ ခု၌ စွမ်းအင်ကဏ္ဍပါဝင်ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၉၉ ခုနှစ်ကတည်းက ဘင်းမ်စတက်စွမ်းအင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ ဘင်းမ်စတက်စွမ်းအင် ကျွမ်းကျင်အရာရှိများ အစည်းအဝေးကို (၅)ကြိမ်တိုင်တိုင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပပေးခဲ့ကြောင်း။

ယခု ဘင်းမ်စတက်စွမ်းအင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည် နိုင်ငံတော်အစိုးရသစ်၏ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကိုသာမက ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းမှုလုပ်ငန်းစဉ်များကိုပါ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်က အိန္ဒိယနိုင်ငံ ဂိုအာတွင် ကျင်းပခဲ့သည့် BRICS BIMSTEC Leaders' Outreach Summit ၌ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန် ဘင်းမ်စတက်ဓာတ်အားကွန်ရက်ချိတ်ဆက် ကုန်သွယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ဘင်းမ်စတက်စွမ်းအင် ဗဟိုဌာန ဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးရန်၊ ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်းထူထောင်နိုင်ရေးနှင့် ဒေသတွင်း စွမ်းအင်ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်နှင့် သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်ကြရန် သဘောတူခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအသီးသီးတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များအနေဖြင့် BRICS BIMSTEC Leaders' Qutreach Summit သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလေးထား ဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် (၄)ကြိမ်မြောက် ဘင်းမ်စတက် စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေး တက်ရောက်သူများက ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဖူလုံမှုဆိုင်ရာကိစ္စများ တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ် တိုးတက်လျက်ရှိသည့် စွမ်းအင်လိုအပ်ချက်နှင့်ဖြည့်ဆည်းနိုင်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုနှင့် မဟာဓာတ်အားလိုင်း ဆက်သွယ်ခြင်း အပါအဝင် စဉ်ဆက်မပြတ် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဘင်းမ်စတက်မဟာဓာတ်အားလိုင်း ချိတ်ဆက်နိုင်ရေးနှင့် ဘင်းမ်စတက် စွမ်းအင်ဗဟိုဌာန ဖွင့်လှစ်နိုင်ရေး နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများအား ဆွေးနွေးညှိနှိုင်းကြသည်။

အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်၊ နီပေါတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်အထိ (၂)ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



# တနသ်ာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ယနေ့နံနက် ၉ နာရီခန့်မှစ၍ တောင်ကျချောင်းရေမြင့်တက်လာပြီး ချောင်းလမုကျေးရွာအတွင်းသို့ ၃ ပေခန့် ဝင်ရောက်ခဲ့သဖြင့် ရွာသူ ရွာသားများ၊ တိရစ္ဆာန်များနှင့် အသုံးအဆောင်ပစ္စည်းများကို ရေဘေးလွတ်ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းက မွန်းလွဲပိုင်းတွင် ကူညီပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၃၂၀ ရှိသည့်အနက် ချောင်းကမ်းပါးအနီးရှိ နေအိမ် ၅၇ လုံးအတွင်းသို့သာ ရေဝင်ရောက်ခဲ့ပြီး အဆိုပါနေအိမ်များမှ လူဦးရေ ၃၃၃ ဦးနှင့် အသုံးအဆောင်ပစ္စည်းများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် လူ/ပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုသိမ်ကြီးမြို့နယ်အတွင်း ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွား အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ ဦးဇော်လွင်ဦး နေအိမ်၌ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ခြင်ဆေးခွေမီးမှတစ်ဆင့် နေအိမ်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိ ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် အိမ်ငှားနေထိုင်သူ မနီလာဝင်းမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိ ဒေသခံပြည်သူများက မီးကြွင်းမီးကျန်များမှ ထပ်မံ၍ မီးလောင်ကျွမ်းမှုမရှိစေရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pavlo Klimkin နှင့် အဖွဲ့သည် ယနေ့ညပိုင်းက လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ဗန်ကောက်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Andrii Beshta၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

❐



### ❖ ပွဲကောင်းများဖြင့်မှ

ယခုရာသီတွင် ရခိုင်အသင်းနှင့် Southern အသင်းတို့မှာ အိမ်ကွင်းစတင်လက်ခံကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းသည် မူလကကျင်းပရန်စီစဉ်ထားသော်လည်း ကွင်းပြင်ဆင်မှုအနေအထားကြောင့် ပထမအကျော့တွင် လက်ခံကျင်းပနိုင်ဖွယ်မရှိပေ။ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းအနက် မကွေး၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့မှာ အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိဘဲ ရန်ကုန်၊ ရတနာပုံ၊ ဧရာဝတီ၊ ရှမ်းယူနိုက်တက်၊ နေပြည်တော်နှင့် ဟံသာဝတီအသင်းတို့မှာ အိမ်ကွင်းဆက်လက် လက်ခံကျင်းပမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့သာ ကြီးစိုးထားပြီး လေးကြိမ်စီ ဗိုလ်စွဲထားသည်။ ယခုရာသီတွင် ချန်ပီယံအသင်းသစ်ထွက်ပေါ်မလား။ ချန်ပီယံဖြစ်ဖူးသည့် နှစ်သင်းထဲက ထပ်မံဗိုလ်စွဲမလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ ရာသီကြိုပြင်ဆင်မှုအနေအထားအရလည်း ချန်ပီယံဆု စိန်ခေါ်နိုင်သည့် အသင်းအရေအတွက်မှာ သုံးသင်းထက်မပိုဘဲ ငါးသင်းထဲကသာ အပြိုင်လုရဖွယ်ရှိနေသည်။ **သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များအား ပြုပြင်ပြောင်းလဲနိုင်ရေး တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များအား ပြုပြင်ပြောင်းလဲနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဌာနတိုးတက်ပြောင်းလဲရေးအတွက် အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူပြီးသည့်နောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပြောင်းလဲသင့်သလောက် ပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးအရ အယူအဆမတူသူများအား နိုင်ငံရေးအကျဉ်းသားများအဖြစ်မှ ပြန်လွှတ်ပေးခဲ့ကြောင်း၊ ယခင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ရုပ်သိမ်းပြီး အသစ်ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ အစိုးရအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအား လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ပြုခဲ့ကြောင်း၊ မီဒီယာများ သတင်းရယူရေးအတွက်လည်း လွတ်လပ်စွာ သတင်းရယူခွင့်ပြုခဲ့ကြောင်း၊ မိမိတို့မီဒီယာအား ဝါဒဖြန့်ချိရေးအတွက်သက်သက်သာ အသုံးမချစေဘဲ အမှန်ကို တင်ပြစေခဲ့ကြောင်း၊ အများပြည်သူဝန်ဆောင်မှုမီဒီယာဖြစ်စေရေးသည် အဓိကရည်မှန်းချက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဌာနခွဲအလိုက် အဖွဲ့ခေါင်းဆောင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၊ အကြံပြုချက်များ၊ ဆွေးနွေးချက်များအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က သတင်းအစီအစဉ်နှင့် ဖျော်ဖြေရေး အစီအစဉ်များကို အချိုးညီမျှတစေရန်အတွက် ယခင်က ပြန်ကြားပေးရန် ၆၀ ရာခိုင်နှုန်း၊ ပညာပေးရန် ၂၀ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရန် ၂၀ ရာခိုင်နှုန်း ထုတ်လွှင့်ပေးခဲ့သော်လည်း နောင်တွင် ပြန်ကြားပေးရန် ၄၅ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရန် ၃၅ ရာခိုင်နှုန်း၊ ပညာပေးရန် ၂၀ ရာခိုင်နှုန်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား မှတ်တမ်းတင်ကာ နောင်လာမည့် ဆွေးနွေးပွဲတွင် အတည်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သတင်းတစ်ပုဒ်တွင် သတင်း၏တန်ဖိုးသည်အရေးကြီးကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်များကို ကိုယ်ပိုင်ထုတ်လုပ်ရန်လိုကြောင်း၊ Current News တွင် ပြည်သူ့အသံများပါရန် မိမိတို့ကိုယ်တိုင် အားထုတ်ကြရမည်ဖြစ်ကြောင်း၊ MRTV ရေရှည်တိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများ မကြာခဏပြုလုပ်ပေးခြင်းအားဖြင့် ဝန်ထမ်းများ၏ တီထွင်ကြံဆနိုင်မှုစွမ်းအားများ အကြံဉာဏ်ကောင်းများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းကောင်စစ်ဝန်ရုံး ဖွင့်လှစ်



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းထောင့် အမှတ် (၂၉) ရှိ မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E.Mr. Andrii Beshta၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်လှိုင်ဦးတို့က မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ယူကရိန်းနိုင်ငံသံအမတ်ကြီး H.E.Mr. Andrii Beshta၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်လှိုင်ဦးတို့က အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့သည် ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှစတင်ကာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး ယူကရိန်းနိုင်ငံသံအမတ်ကြီးသည် ထိုင်းနိုင်ငံတွင် အခြေစိုက်ကာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၉ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သတိုး | အပြာရင့်ရင့်သစ္စာပျော်ရည် | ၂၀၀၀ိ/- | ၇၇၇၇စာပေ |
| ၂ | ကာတွန်းကြည်ဝင်း | မြန်မာမှုထုံးတမ်းစဉ်လာ ကျေးလက်ရိုးရာဓလေ့များ | ၄၅၀၀ိ/- | ၇၇၇၇ စာပေ |
| ၃ | မြင့်ဝင်းမောင်(AZ) | အောင်စည်တောထွက်ခဏ်း | ၂၅၀၀ိ/- | AZ စာပေ |
| ၄ | ဝင်းသိန်းဦး | ENTRERPRENEURSHIP FOR MBA (စွန့်ဦးတီထွင်လုပ်ငန်းထူထောင်မှုပညာ) | ၆၀၀၀ိ/- | Future စာပေ |
| ၅ | ဒေါက်တာအောင်ထွန်းသက် | ကျွန်တော့်ရဲ့နိုင်ငံရေးဘောဂဗေဒ အတွေးအမြင်များ | ၄၀၀၀ိ/- | B2B စာပေ |
| ၆ | | စာစဉ်(၅၂) ဘင်ဂျမင်ဖရင်ကလင် | ၁၅၀၀ိ/- | The key collection |
| ၇ | | စာစဉ်(၅၃) ဝီလျံ ရှိတ်စပီးယား | ၁၅၀၀ိ/- | The Key Collection |
| ၈ | ကိုရွှေး | ရန်ကုန် | ၂၀၀၀ိ/- | The key collection |
| ၉ | ပီမိုးနင်း | ဆရာကြီးနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/- | The key collection |
| ၁၀ | မေဦးသိန်းညွန့် | အုန်းပွင့်ပန်းခိုင်တလှိုင်လှိုင် ရခိုင်မြို့ဟောင်းဘုရားပေါင်း | ၃၅၀၀ိ/- | ဂုဏ်ထူးစာပေ |
| ၁၁ | ကြည်ပြာမိုးပွင့် | ဘဝလမ်းက မှတ်တမ်းလေး | ၃၀၀၀ိ/- | ဂျာနယ်လစ်စာပေ |
| ၁၂ | ဝင့်ပြုံးမြင့် | ဝမ်တိန်အသွားလမ်း (The Road to Wanting) | ၃၅၀၀ိ/- | ငါတို့စာပေ |
| ၁၃ | သာထက်အောင် | ယန်စီအလှ၊ ဗီးဂတ်စ်ညနှင့် ကောင်းကင်မပြာသောမြို့ပြများ | ၂၅၀၀ိ/- | စာနဒီစာပေ |
| ၁၄ | တင်မိုး | နှစ်နှစ်ကာကာ ၁၅၀ ကဗျာ | ၃၅၀၀ိ/- | စာနဒီစာပေ |
| ၁၅ | မောင်ကံထူး | စိတ်အသိနှင့်ဉာဏ်အမြင် | ၈၀၀ိ/- | စာပေလောက(၆) |
| ၁၆ | စန္ဒီ(Artist) | အမှတ်တရလေးရေးခဲ့ပေးနော် | ၁၅၀၀ိ/- | စာပေနန်းတော် |
| ၁၇ | ကြူးနစ် | သေစာရင်းမှာမပါတဲ့လူနှင့် အခြားဝတ္ထုတိုများ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၈ | စုသဲမွန် | နှလုံးသားပျားရည်စက် ဝတ္ထုတိုများ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၉ | မိုးဟိန်း | ဟာသဝတ္ထုတိုများ အမှတ်-၂ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၀ | သိန်းဖေမြင့် | ချစ်၍ခေါ်ရာ | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၂၁ | ဇော်ဇော်အောင် | ထင်မိထင်ရာ ရေးချလိုက်တဲ့ ပြုတ်စဗျင်းတောင်းစာပေဆောင်းပါးများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၂ | သော်တာဆွေ | ဟာသဝတ္ထုတိုများ-၂ | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၃ | ပီမိုးမင်း | ဝတ္ထုပဒေသာပေါင်းချုပ်-၁ | ၉၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၄ | ကလောင်စုံ | မြန်မာ့ဝတ္ထုတို(၂၀၁၆) | ၅၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၅ | တင်မိုး | ကဗျာဆရာနှင့်ပန်းသူဇာ (ဝတ္ထုတိုများစုစည်းမှု) | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၆ | ပီမိုးနင်း | ချစ်ပန်းနွယ် | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ဒဂုန်တာရာ | ဝတ္ထုလတ်များပေါင်းချုပ် | ၁၀၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၈ | ဦးစန္ဒိမာ(စလင်း) | သမိုင်းတွင် သမိုင်းဝင် စာဆိုအရှင်များ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၉ | ငြိမ်းကျော် | ဝတ္ထုလတ်ပေါင်းချုပ် | ၈၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | မောင်ဝဏ္ဏ | မောင်စိန်သောင်း မနှင်းရည် ဝတ္ထုတိုပေါင်းချုပ် | ၅၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃၁ | | ဆဋ္ဌမအာရုံမဂ္ဂဇင်း(Sixth Sense No.31,February,2017) | ၂၀၀၀ိ/- | ဆဋ္ဌမအာရုံစာပေတိုက် |
| ၃၂ | ကလောင်စုံ | မုန်တိုင်းကြားကအဖြူရောင်သက်တံ ကဗျာရွတ်ပွဲတော် | ၃၀၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၃၃ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | စိတ်အလှဆင်တရားပဒေသာ | ၁၆၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၄ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | အသင့်ဆောင်ထား တရားပဒေသာ | ၃၅၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၅ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | ဇာတ်ကွက်ဇာတ်လမ်းမှတ်တမ်း တင်စရာ | ၃၀၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၆ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | မဏိရတနာတရားဂါထာပဒေသာ | ၈၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၇ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | ဆန်းသစ်လှပတရားပဒေသာ (ဇာတ်လမ်းဟောကွက်တရားများ) | ၁၅၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၈ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | သာသနာပြုလက်ဆောင်ဝိပဿနာ ဆိုင်ရာဟောပြောရေးတရားပဒေသာ | ၁၃၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၉ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကဓရ) | သီလပွဲတရားပဒေသာ | ၁၈၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၄၀ | ဇော်ခိုင်ဦး | ဖာလူဒါနှင့်နှလုံးသားစတိုခန်းထဲက ဝတ္ထုတိုများ | ၁၅၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၄၁ | ဒေါက်တာသစ်လွင် | ဓမ္မမိတ်ဆွေများနှင့် အွန်လိုင်းပေါ်က ဝိပဿနာ အမေးအဖြေများ(၂) | ၂၅၀၀ိ/- | ကြည်ဇော်ဝင်းစာပေ |
| ၄၂ | ဒေါက်တာသစ်လွင် | တရားအားထုတ်မှုလမ်းခရီးမှတရား စကားများ အတွဲ(၂) | ၂၅၀၀ိ/- | ကြည်ဇော်ဝင်းစာပေ |

**(ဆက်လက်ဖော်ပြပါမည်)**

# ဘူးသီးတောင်မြို့နယ်၌ စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲ ကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၁၁**
ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ပြည်နယ်စိုက်ပျိုးရေးပညာပေးအဖွဲ့အနေဖြင့် ဝန်ထမ်းများစွမ်းရည်မြှင့် ပညာပေးဆွေးနွေးပွဲကို ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေက အမှာစကားပြောကြားပြီး ပြည်နယ်မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မမ၊ ပြည်နယ်ပိုးမွှားတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အောင်မြကြည် ၊မြောက်ဦးခရိုင်မှ ခရိုင်မျိုးစေ့တာဝန်ခံနှင့် သီးနှံတာဝန်ခံတို့က ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခဲ့ပြီး မြို့နယ်ရုံးမှဝန်ထမ်းများ၊ ကွင်းတာဝန်ခံများတက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု၊ ဒုံးချောင်းကျေးရွာကွင်းအမှတ်(270-D)တွင် ဘူးသီးတောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် တောင်သူပညာပေးနွေစပါးစိုက်ကွက် ၁၀ ဧက ၊ နွေစပါး(SRI)နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် စံပြစိုက်ကွက်(၅)ဧကစာပျိုးခင်းများနှင့် ဆောင်းသီးနှံ အာလူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ညီက စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဘူးသီးတောင်(ပြန်/ဆက်)**





# ဒေးဒရဲ၌ စပါး SRI စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဒေးဒရဲ ဇန်နဝါရီ ၁၁**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာအုပ်စု ကွင်းအမှတ်-၂၄၇ ရှိတောင်သူဦးစိန်ညွန့်၏ လယ်မြေ ၀.၄ဧကတွင် နွေစပါး SRI စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသည့် သရုပ်ပြပွဲကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပရာ ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေး မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က နိုင်ငံတကာသို့ အရည်အသွေးပြည့်မီ၍ ဈေးကောင်းရရှိနိုင်မည့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍများအား ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးရဲအောင်က SRI ဟူသည် စပါးစိုက်ပျိုးသည့်နေရာတွင် လိုအပ်သည့် အပင်၊ မြေဩဇာ၊ ရေနှင့် အာဟာရဆိုင်ရာကိစ္စရပ်များကို စီမံရန်အတွက် လိုအပ်သောအယူအဆများနှင့် လက်တွေ့လုပ်ငန်းများ၏ အရည်အသွေးတို့ကို တိုးတက်စေရန် ဆောင်ရွက်ထားသည့် စိုက်ပျိုးနည်းတစ်ခုဖြစ်ကြောင်း၊ SRI သည် စပါးမျိုးသစ် မဟုတ်သကဲ့သို့ စပ်မျိုးစပါးလည်းမဟုတ်ကြောင်း၊ စပါးစိုက်ပျိုးသည့် နည်းလမ်းတစ်ခုသာဖြစ်ကြောင်း၊ မည်သည့်စပါးမျိုးကိုမဆို SRI နည်းဖြင့်စိုက်ပျိုးနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဒေသနှင့်ကိုက်ညီသောစပါးမျိုးကို SRI နည်းဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဤနည်းသည် ကျန်းမာသန်စွမ်းသောအပင်များ ဖြစ်ပေါ်စေသည့်အတွက် စပါးအထွက်နှုန်းကောင်းမွန်စေကြောင်း၊ မြေ၊ အရင်းအနှီး၊ လုပ်အားနှင့် ရေအကန့်အသတ်ရှိသူများအတွက် အကျိုးအမြတ် အများဆုံးရရှိနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း စသည်ဖြင့် SRI နည်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**(သပြေထွန်း)**

■

# မြိတ်မြို့နယ်၌ ပွင့်လင်းရာသီ အုတ်ဈေးကွက်တွင် အမြင့်ဈေးဖြင့် စပွင့်

**မြိတ် ဇန်နဝါရီ ၁၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အုတ်ရောင်းဝယ်ရေးလုပ်ငန်းအတွင်း ပွင့်လင်းရာသီ အုတ်လုပ်ငန်း အဖွင့်ဈေးနှုန်းမှာ စံချိန်တင် ဈေးနှုန်းအမြင့်ဖြင့် စတင်ခဲ့သဖြင့် ယခင်နှစ်ထက် အုတ်ဈေးမြင့်တက်ခဲ့ကြောင်း အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများ၊ အုတ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ယမန်နှစ် ဒေသတွင်း အုတ်ဈေးနှုန်းမှာ ကွင်းဈေးနှုန်း တစ်လုံးလျှင် အနိမ့်ဆုံးဈေး ကျပ် ၅၀ မှ အမြင့်ဆုံးဈေး ကျပ် ၇၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် အုတ်တစ်လုံးလျှင် အနိမ့်ဆုံးဈေး ကျပ် ၇၀ မှ အမြင့်ဆုံးဈေး ကျပ် ၉၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း မြိတ်မြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ များပြားလာမှုကြောင့် အုတ်အလုံး ၁၀၀၀ လျှင် ကျပ် ၉၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယင်းသို့ အုတ်ဈေးနှုန်းမြင့်တက်လာခြင်းမှာ အုတ်ဖုတ်လုပ်ငန်းတွင် အသုံးပြုသော ထင်းရှားပါးလာခြင်း၊ ထင်းအစားထိုးအသုံးပြု သည့် စပါးခွံဈေး၊ ရော်ဘာထင်းဈေးမြင့်တက် လာခြင်း၊ မြိတ်မြို့နယ်အတွင်း လမ်း၊ တံတား တည်ဆောက်ခြင်း၊ စက်မှုဇုန်စီမံကိန်းများ၊ တိုးချဲ့အိမ်ရာစီမံကိန်းများနှင့် အဆင့်မြင့်အိမ်ရာ စီမံကိန်းလုပ်ငန်းများများပြားလာသဖြင့် အုတ် လိုအပ်ချက်မြင့်တက်လာခြင်း၊ အုတ်ဖုတ်လုပ်သား ရှားပါးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း ရှစ်ပေါက်အုတ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ကိုငြိမ်းသူ ၏ သုံးသပ်ပြောဆိုချက်အရ သိရသည်။

အုတ်ဖုတ်လုပ်ငန်းခွင်တစ်ခုတွင် အုတ်ဖုတ်လုပ်ငန်းချိန် တစ်ရာသီလျှင် အုတ် ၁၀ သိန်းဝန်းကျင်ထွက်ရှိကြောင်းနှင့် တစ်ရာသီ ရင်းနှီးမတည်ငွေ ကျပ် သိန်း ၁၀၀ ကျော် ရင်းနှီးမြှုပ်နှံရပြီး တန်ဆောင်မုန်းလဆန်းပိုင်းမှ တန်ခူးလကုန်အထိ အုတ်ဖုတ်သည့်ပွင့်လင်းရာသီဖြစ်ကြောင်း အုတ်ဖုတ်လုပ်ကိုင်သူများထံမှ သိရသည်။

မြိတ်မြို့နယ်ရှိ အုတ်ကွင်းလုပ်ငန်းများတွင်ကျယ်လာသည်နှင့်အမျှ လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများ၏ လုပ်အားခ နှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုရရှိလာကြရာ အုတ်ပေါက်၊ အုတ်ရိုက်လုပ်အားခမှာ လုပ်သားတစ်ဦးလျှင် အခြေခံမှ ကျွမ်းကျင်လုပ်သားအထိ တစ်နေ့ကျပ် ၅၀၀၀ မှ ၁၀၀၀၀ကျော်အထိ ရရှိလာကြောင်း အုတ်ဖုတ်လုပ်သားများ၏ ပြောဆိုချက်အရ သိရသည်။

“အုတ်ဈေးကောင်းလာတော့ အုတ်ဖုတ်လုပ်သားတစ်ဦးအနေနဲ့ တစ်နေ့ဝင်ငွေ အရင်ကတော့ ကျပ် ၅၀၀၀ ကနေ ယခု ကျပ် ၁၀၀၀၀ ကျော်ဖြစ်လာတယ်။ အရင်က မိုးရာသီရောက်ရင် လယ်ယာလုပ်ငန်းလုပ်ကိုင်ရတယ်။ စုဆောင်းနိုင်ဖို့ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်ရတယ်။ ဒီနှစ်တော့ မိုးရာသီစာ အပိုကျန်မယ်တွက်တယ်။ ဒီလုပ်ငန်းကတော့ အပိုစုနိုင်တာပေါ့။ လယ်ယာလုပ်ငန်းကတော့ စားဝတ်နေရေးပြေလည်ရုံလောက်ပဲ ရှိတာပဲ”ဟု လယ်ဝေးမြို့မှလာရောက်လုပ်ကိုင်သူကျွမ်းကျင်အုတ်လုပ်သား ကိုသန်းထွန်းဝင်းက ပြောသည်။

မြိတ်မြို့နယ်၌ အုတ်ဖုတ်လုပ်ငန်း ၇၀ ကျော်ရှိသည့်အနက် ကလွင်ရွာသစ်၊ ရွှေဘေး၊ ကဘင်း၊ သဘွတ်၊ ပင်းအို၊ ရွှေဒူး၊ သာရမဲ၊ အင်္ဂမော်၊ သက္ကထီး၊ ကန်သာယာ၊ မဇော်ဒေသတို့တွင် အုတ်ဖုတ်လုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိကြောင်း အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

**မြင့်ဦး (မြိတ်)**



# Exim.Bank ချေးငွေနှင့် စုဆောင်းငွေပေါ် အတိုးငွေပေးအပ်ပွဲ ကျင်းပ

**မော်လိုက် ဇန်နဝါရီ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများအတွက် Exim.Bank ချေးငွေနှင့် စုဆောင်းငွေပေါ် အတိုးငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီက မော်လိုက်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကိုကိုလွင် က ချေးငွေထုတ်ချေးပေးရခြင်းနှင့် စုဆောင်းငွေပေါ် အတိုးငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အသင်းစု၏ လုပ်ဆောင်ချက်များကို မြို့နယ်အသင်းစု အတွင်းရေးမှူး ဦးပြုံးရင်က ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မော်လိုက်မြို့နယ်အတွင်းရှိ သမဝါယမအသင်းစု ၅၅ သင်း၊ အသင်းသား ၂၅၆၅ ဦးအတွက် Exim.Bank ချေးငွေ ၂၆၆ ဒသမ ၈၄၁ သန်းအား ခရိုင်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းတင်က ပေးအပ်ခဲ့ရာ သမအသင်းစုများ ကိုယ်စား တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

အဆိုပါ Exim.Bank ချေးငွေနှင့် စုဆောင်းငွေအပေါ် အတိုး ပေးအပ်ပွဲ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်သိန်း၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ သမအသင်းစုမှ အမှုဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မော်လိုက်သားလေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်(ရွှေဈေး) ၈၆၄၀၀၀ - ၈၆၄၀၀၀ မန္တလေး(ရွှေဈေး) ၈၆၄၀၀၀ - ၈၆၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၃၀. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅. ၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၁၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၃၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၇၀. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၉၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၈. ၆၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၃. ၀၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကျောင်းသားလူငယ်နှင့် စာတွေ့၊ လက်တွေ့လေ့လာရေး

## ဝေဖြိုးဟန်(အင်းစိန်)

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်များကို အဆင့်မြင့်နည်းပညာတက္ကသိုလ်များအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသားများအတွက် ဂုဏ်ယူပီတိလည်းဖြစ်ရသည်။ စာရေးသူတို့ အနှစ်နှစ်အလလက မက်ခဲ့ရသော အိပ်မက်သည် ထိုတက္ကသိုလ်ကြီးများ ပြန်လည်အသက်ရှင်ရေးဖြစ်ပါသည်။ ဆယ်စုနှစ်နှစ်ခုကျော် တိတ်ဆိတ်ငြိမ်သက်ခဲ့ရသည့် တက္ကသိုလ်ပရဝဏ်များအတွင်း ခေတ်သစ်အမြင်သစ် အတွေးအခေါ်သစ်များဖြင့် အင်ဂျင်နီယာကျောင်းတော်သူ ကျောင်းတော်သားများ ပညာဆည်းပူးရင်း အသိပညာ အတတ်ပညာများ တိုးတက်ဖွံ့ဖြိုးလာပေတော့မည်။ အသိပညာ၊ အတတ်ပညာများ တိုးတက်ဖွံ့ဖြိုးလာရေး၌ အဓိကကျသည့် ပညာရပ်ဆိုင်ရာ လက်တွေ့ကွင်းဆင်းလေ့လာရေး လုပ်ငန်းများလည်း ပြန်လည်အားကောင်းလာရေး မျှော်လင့်မိပါသည်။

လွန်ခဲ့သော ၁၀ နှစ် စာရေးသူနောက်ဆုံးနှစ် အင်ဂျင်နီယာကျောင်းသား ဘဝက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)နှင့်အတူ သွားခဲ့ဖူးသည့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာလေ့လာရေးခရီးစဉ် တစ်ခုအကြောင်း ပြောပြချင်ပါသည်။ ကျောင်းသား လူငယ်များအတွက် စာတွေ့အပြင် လက်တွေ့လေ့လာရေး လုပ်ငန်းစဉ်များလည်း လိုအပ်သဖြင့် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အသင်းသူ အသင်းသားများ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဗဟုသုတအကြားအမြင်ပြည့်ဝပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ပါဝင်အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍လေ့လာရေး ခရီးများ ပို့ဆောင်ပေးလေ့ရှိရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် (စနေနေ့) တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရဲနွယ်နှင့် ဖြူးချောင်း ရေလှောင်တမံဘက်စုံ စီမံကိန်းများသို့ လေ့လာရေးခရီးပို့ဆောင်ပေးခဲ့ပါသည်။ ထိုလေ့လာရေးခရီးတွင် (၂၀၀၆ ခုနှစ်က) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဦးလင်းနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဆရာကြီး ဦးခင်မောင်ချစ်တို့ ဦးဆောင်၍ အသင်းသူ အသင်းသားများ စုစုပေါင်း ၂၀၀ ခန့် လိုက်ပါခဲ့ကြပါသည်။

### ခရီးစဉ်အစ ကားပျက်ခြင်း

ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေအတွင်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ရုံးချုပ်ရှေ့မှ နံနက် ၇ နာရီအချိန်တွင် စတင်ထွက်ခွာခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံမှာ တည်ဆောက်ဆဲဖြစ်သည်။ လေ့လာရေးခရီးစဉ် ယာဉ်တန်းကြီးသည် ရန်ကုန်မြို့မှ စတင်ထွက်ခွာလာရာ မင်္ဂလာဒုံ၊ ထောက်ကြံ့စသည်တို့ကို ကျော်လွန်သော် နံနက် ၈ နာရီခွဲတွင် အုန်းတောစားသောက်ဆိုင်သို့ရောက်ရှိ တစ်ထောက်နားခဲ့ကြသည်။ ထိုအချိန်တွင် ပြဿနာတစ်ခုပေါ်လေ၏။ ကားတစ်စီးပျက်လေပြီ။ ကားကြီးမှာ လယ်/ဆည်ဌာနဝန်ထမ်းကြိုပို့ ကားဟောင်းကြီးမို့ ဟိုင်းဝေးခရီးတွင် ဟန်မဆောင်နိုင်ဘဲ အမောဖောက်လာတော့၏။ လူကြီးများ အလုပ်ရှုပ်ကုန်ကြ၏။ ထိုကားကြီးပေါ်မှ အသင်းသား ၃၀ကျော်ကို တခြားကားများဆီသို့ ခွဲတင်ပေးပြီး ဆက်ထွက်ခဲ့ကြသည်။ စာရေးသူတို့လေ့လာရေးအဖွဲ့သည် ပဲခူးမြို့ကို ကျော်လွန်၍ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်စသော မြို့များကို ဖြတ်သန်းမောင်းနှင်ခဲ့ကြသည်။ လမ်းတစ်လျှောက် နွေရာသီပွင့်လင်းချိန်ခါအစမို့ လယ်ကွင်းများကို စိမ်းစိမ်းစိုစို တွေ့ရှိခဲ့ကြရသေးသည်။

### ရဲနွယ်အဝင် ခရီးကြမ်း

ညောင်လေးပင်မြို့ကို လွန်သော် ကျောက်တံခါးမြို့နယ်သို့ ရောက်ရှိခဲ့ပြီး စာရေးသူတို့ လေ့လာရမည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ရှိရာ မြို့ချောင်းကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ မြို့ချောင်းကျေးရွာ အဝင်လမ်းမှာ အလွန်ဖုန်ထူသောလမ်းဖြစ်သည်။ ကားလမ်းမဟုတ်ဘဲ မြေသားလမ်းဖြစ်၍ မှန်တံခါးများ အလုံပိတ်မောင်းနှင်ခဲ့ကြရသည်။ ကားမှန်များ ပိတ်ထားသည့်ကြားမှ တိုးဝင်လာသော ဖုန်လုံးကြီးများကို စိတ်ပျက်စွာ ရှူရှိုက်ရင်း လိုက်ပါခဲ့ကြရသည်။ ထိုလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ထူးခြားသည်မှာ လယ်ယာလုပ်ကိုင်ကြသော ဟိန္ဒူလူမျိုးများကိုသာတွေ့ရှိရခြင်းပင် ဖြစ်သည်။ လယ်ကွင်းများ၌ စပါးထက် ပန်းပင်များကို အတွေ့များသည်။ အများဆုံးတွေ့ရသည်မှာ စိန်ခြယ်ပန်းပင်များဖြစ်ပြီး နေကြာပန်းများကိုလည်း အထိုက်အလျောက် တွေ့ရှိခဲ့ရသည်။

စာရေးသူတို့ ဖြတ်သန်းသွားလာခဲ့ရာ လမ်းတစ်လျှောက် တစ်နေရာ အရောက်တွင် ယခုအမြန်လမ်းအဖြစ် အသုံးပြုနေသော ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီး၏ လမ်းအူကြောင်းရှာဖွေဖောက်လုပ်ခြင်းကို တွေ့ရှိလေ့လာခဲ့ရသည်။ မြို့ချောင်း-မင်းရဲလမ်းပိုင်း၏ ဖြတ်လမ်းမှ ဆက်လက်ထွက်ခွာခဲ့ကြရာ သစ်တောဌာနမှ သစ်လုံးကြီးများထားရှိရာ စခန်းများကို ကျော်ဖြတ်ပြီး တောင်ကြောကွေ့လမ်းများသို့ ရောက်ရှိခဲ့ကြသည်။ ကိုယ်တစ်ဦး တစ်ယောက်တည်း သွားမည်ဆိုက အလွန်ပင်မလွယ်ကူသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကြီးသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိခဲ့ကြတော့သည်။ စာရေးသူတို့ အသင်းသားများ ရဲနွယ်ရေလှောင်တမံသို့ရောက်သော် မြန်မာအင်ဂျင်နီယာတို့၏ စွမ်းပကားဖြင့် တည်ဆောက်လျက်ရှိသော စီမံကိန်း လုပ်ငန်းခွင်ကြီးကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြရသည်။ အလွန်ကြည်နူးစရာကောင်းသော အချိန်ပင်ဖြစ်သည်။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ဖုန်အလိမ်းလိမ်းကို ပင်ပန်းစွာ ဖြတ်ကျော်ပြီးမှ လေ့လာရေးခရီး၏ ပထမ နေရာသို့ ရောက်ရှိခဲ့ကြရပြီမို့ အမှတ်တရဓာတ်ပုံများ ရိုက်ကြ၊ ရှုခင်းများ ရှုစားကြနှင့် အလွန်ပျော်ရွှင်ခဲ့ကြရသည်။

### ရှင်းလင်းဆောင်မှ သိကောင်းစရာများ

စာရေးသူတို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းသူ အသင်းသားများအား ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ ထိုစဉ်က ရဲနွယ်ရေလှောင်တမံစီမံကိန်းတာဝန်ခံ၊ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘုန်းတင် (မြို့ပြ)နှင့် ရဲနွယ်ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးတာဝန်ခံ၊ ရေအားလျှပ်စစ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း(မြို့ပြ)တို့က လုပ်ငန်းပိုင်းဆိုင်ရာ လေ့လာမှတ်သားဖွယ်ရာများကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြကြပါသည်။

ရဲနွယ်ရေလှောင်တမံစီမံကိန်းကြီးကို (၂၀၀၀-၂၀၀၁)ခုနှစ်မှစတင် အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲနွယ်ရေလှောင်တမံ၏ သမိုင်းကြောင်းကို လေ့လာရမည်ဆိုပါက ၁၉၆၃ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အရ စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်မှုလေ့လာရေး အစီအစဉ်တစ်ရပ်ချမှတ်ခဲ့ကြကြောင်း၊ ထို့နောက် ပြွန်တန်ဆာလွှင်ပြင်ရေကြီးမှု ဖြစ်ပေါ်ခဲ့ရာ ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း မြန်မာ-ရုရှား ပူးပေါင်းလေ့လာမှု ပြုလုပ်ခဲ့ကြပြီး ၁၉၇၇ ခုနှစ်တွင် ရဲနွယ်၊ ဘိုင်းနားနှင့် ကောလိယချောင်းများကို တည်၍ ရဲနွယ်-ပြွန်တန်ဆာစီမံကိန်းကို တင်သွင်းခဲ့ကြကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရပြီး ၁၉၈၃ ခုနှစ်ရောက်မှ အာရှဘဏ်ချေးငွေနှင့် ရဲနွယ်စီမံကိန်းကို ဖြစ်မြောက်အောင် ထပ်မံတင်သွင်းခဲ့ကြရကြောင်း၊ အချိန်ယူစူးစမ်းလေ့လာမှုများပြုလုပ်ပြီးနောက် ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းကြီး ဖြစ်မြောက်လာခဲ့ကြောင်း ရှင်းလင်းဆောင်၌ တာဝန်ရှိ အင်ဂျင်နီယာကြီးများမှ မြေပုံကားချပ်များ၊ PROJECTOR များဖြင့် စီမံကိန်း လုပ်ငန်းခွင် အခြေအနေဓာတ်ပုံများပြသပြီး ရှင်းလင်းပြောပြကြသည်။

လျှပ်ခတ်ခဲ့သော အင်အားပြင်း မြေငလျင်ကြီးကြောင့် ပဲခူးရွှေမော်ဓောဘုရားကြီး ထီးတော်မြေခခဲ့ရသည်။ ထိုမြေငလျင်ကြော၏ အက်ကွဲကြောင်းကြီးမှာ လှည်းကူးမြို့မှ အင်းတော်ကြီးအထိရှိသည်။ ထိုအက်ကြောင်းမှာ စာရေးသူတို့လေ့လာရေးရောက်ရှိခဲ့သော ဖြူးရေလှောင်တမံစီမံကိန်းအောက် ကြမ်းပြင်တွင် တည်ရှိနေကြောင်း သိခဲ့ရသည်။

### ဖြူးရေလှောင်တမံမြင်ကွင်း

စာရေးသူတို့ လေ့လာရေးအဖွဲ့ဝင်များသည် လုပ်ငန်းခွင်စတင်နေသည့် အခြေအနေများကို View pointမှသာ ကြည့်ရှုလေ့လာခဲ့ကြသည်။ ကျောက်တောင်များနှယ် မာကျောကျစ်လျစ်နေသည့် တောင်ကြောကြီးများကို မိုင်းခွဲစနစ်ဖြင့်ဖြိုခွဲပြီး ရေလှောင်တမံဆည်ကြီးအား မြေသားဖို့ခြင်း၊ မြေညှိခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ကြရသည်။ ထိုစဉ်က ဆည်မြောင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင် (မြို့ပြ)က တမံနှင့်ပတ်သက်သော အခြေအနေများကို ရှင်းပြသလို ရေအားလျှပ်စစ်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းခိုင်(မြို့ပြ)ကလည်း လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်သောအချက်အလက်များကို မြေပုံကားချပ်များ၊ ပရိုဂျက်တာများဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့ကြသည်။ ဖြူးချောင်းရေလှောင်တမံ စီမံကိန်းကြီးပြီးစီးလျှင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ဆည်ရေသောက်ကဏ္ဍများ သိသိသာသာ တိုးတက်လာမည်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားကဏ္ဍအား အကျိုးပြုရာ ရောက်နိုင်ကြောင်း၊ ရေအားလျှပ်စစ်စက်ရုံကြီးတည်ဆောက်ပြီးသော် ၂၀ မဂ္ဂါဝပ်ရှိ Turbine နှစ်လုံးဖြင့် နှစ်စဉ် ၁၂၀ ကီလိုဝပ်နာရီသန်းပေါင်း ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။ စာရေးသူတို့နိုင်ငံ၏

**ယနေ့ခေတ်တွင် အင်ဂျင်နီယာကျောင်းများကို မြန်မာနိုင်ငံအနှံ့ဖွင့်လှစ်ထားရှိ၏။ တိုင်းပြည်တည်ဆောက်ရေးအတွက် အားကိုးအားထားလောက်မည့် မျိုးဆက်သစ်အင်ဂျင်နီယာလူငယ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိ၏။ ရရှိလာမည့် အခွင့်အရေးများကို အမိအရဖမ်းဆုပ်လျက် နည်းပညာတက္ကသိုလ်များမှသာမဟုတ်၊ အခြားဘာသာရပ်ဆိုင်ရာ တက္ကသိုလ်များအနေဖြင့်လည်း မိမိတို့ကျောင်းသားများအတွက် မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လေ့လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့် . . .**

### မျက်မြင်လက်တွေ့လေ့လာခဲ့ရသမျှ

စာရေးသူတို့ လေ့လာရေးအဖွဲ့ဝင်များသည် ရှင်းလင်းဆောင်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး နံနက်စာထမင်း စားသောက်ခဲ့ကြရသည်။ ထမင်းစားကြပြီး ရေလှောင်တမံကြီးဆီဆင်း၍ လမ်းလျှောက်လေ့လာခဲ့ကြသည်။ ရေအားလျှပ်စစ်စက်ရုံကြီးကို ဆည်ထိပ်မှကြည့်လျှင် သေးသေးလေး မြင်နေရသည်။ ထိုရေအားလျှပ်စစ်စက်ရုံသို့ ပို့လွှတ်မည့် ဆည်ရေဝင်ပေါက်ကြီးမှာ ဆည်ရေအောက်တွင် နစ်မြုပ်လျက် ရှိနေလေ၏။ ရဲနွယ်ဆည်ကြီးသည် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၀၀ ရှိကြောင်းနှင့် ဆည်ရေပေးနိုင်မည့် ဧရိယာမှာ ဧက ၁၁၈၅၀၀ ဖြစ်ကြောင်း လေ့လာခဲ့ရသည်။ ရေလှောင်တမံလျှောက်လမ်းမှ မော်တော်ယာဉ်များဖြင့် ရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိခဲ့ကြသည်။ ရေအားလျှပ်စစ်စက်ရုံကြီးသည် စာရေးသူတို့ ရောက်ရှိချိန်၌ စတင်တည်ဆောက်နေဆဲဖြစ်သည်။ တာဝန်ခံအင်ဂျင်နီယာများမှ လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ရေအားဖြင့် TURBINE များကို လည်ပတ်စေမှာဖြစ်ပြီး GENERATOR မှတစ်ဆင့် လျှပ်စစ်ထုတ်လွှတ်ပေးမည်ဖြစ်ကြောင်း လေ့လာခဲ့ရသည်။ နှစ်စဉ် ထုတ်လုပ်မည့်ဓာတ်အားမှာ ၁၂၅ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်အားမှာ ၁၂ ဒသမ ၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် ၂၅ မဂ္ဂါဝပ် ရှိကြောင်း သိရှိခဲ့ရသည်။ စာရေးသူတို့ ရောက်ရှိလေ့လာရာတွင် ဆည်ကြီးမှ ကျလာမည့်ရေများအား ထွက်ပေါက်မှတစ်ဆင့် TURBINE ကြီးများဆီပို့လွှတ်မည့် ဖိအားမြှင့် သံမဏိပိုက်လုံးများကို တပ်ဆင်နေသည်များ လက်တွေ့လေ့လာနိုင်ခဲ့ကြသည်။ ရေအားလျှပ်စစ်ဦးစီးဌာနမှ ရေအားလျှပ်စစ် ထုတ်လုပ်မှုအပိုင်းကိုတာဝန်ယူ တည်ဆောက်နေကြသည်။ စာရေးသူတို့ အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ရဲနွယ် DAM သည် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ၄၂ ခုမြောက်ဆည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံး၏ ၁၈၄ ခုမြောက်ဆည်ဖြစ်ကာ ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

### ရဲနွယ်မှသည် ဖြူးသို့

စာရေးသူတို့ လေ့လာရေးအဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းမှ ဆက်လက်ထွက်ခွာခဲ့ကြရာ ပဲနွယ်ကုန်းမြို့၊ ကညွတ်ကွင်းမြို့များကို ဖြတ်သန်းလာခဲ့ကြပြီး ဖြူးမြို့မှ အနောက်ဘက် ခုနစ်မိုင်အကွာသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ လေ့လာရေးမော်တော်ယာဉ်တန်းကြီးသည် ဖြူးရေလှောင်တမံသို့ ညနေ ၅ နာရီကျော်ကျော်လောက် ရောက်ရှိခဲ့ကြသည်။ ထို့နောက် ရှင်းလင်းဆောင်၌ လုပ်ငန်းခွင်အကြောင်း ရှင်းလင်းပြသကြပါတော့သည်။ ဖြူးရေလှောင်တမံစီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးမှု အစီအစဉ်ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ခန့် ၁၉၃၀ ခုနှစ်တွင်

အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားအတွက် အားရကျေနပ်ဖွယ် သတင်းကောင်းများကိုပါ လေ့လာမှတ်သားခွင့်ရခဲ့၍ ထိုစဉ်အချိန်က လွန်စွာဝမ်းသာပီတိဖြစ်ခဲ့မိပါသည်။

### ဖြူးမှအပြန်

စာရေးသူတို့ လေ့လာရေးအဖွဲ့ဝင်များသည် ညနေ ၆ နာရီခွဲတွင် စီမံကိန်းနေရာမှ ထွက်ခွာခဲ့ကြရာ ပဲခူး၌ ညစာသုံးဆောင်ရန် လျာထားခဲ့ကြသည်။ သို့သော် ဖြူးမြို့မရောက်ခင် စီမံကိန်းအပြန်လမ်းတစ်ဝက်၌ ကားတစ်စီးပျက်ပြန်သည်။ အလာတုန်းကလည်း တစ်စီးပျက်၍ အပြန်၌လည်း တစ်စီးပျက်လေ၏။ ကားပျက်သွား၍ ရှေ့ဆက်မထွက်နိုင်ကြဘဲစောင့်ဆိုင်းပြင်ဆင်ခဲ့ကြရာ ရန်ကုန်သို့ ည ၁၀ နာရီလောက် ရောက်မည့်ခရီးစဉ်မှာ နောက်တစ်နေ့ နံနက် ၅ နာရီမှ ပြန်ရောက်ကြတော့သည်။

### နောက်အနှစ်(၂၀)စင်ကာပူကိုကျော်တက်မယ်

ထိုစဉ်က လေ့လာရေးခရီးသည် စာရေးသူတို့လို လူငယ်အင်ဂျင်နီယာလောင်းလျာများအတွက် လွန်စွာအဖိုးထိုက်တန်သော လက်တွေ့လေ့လာရေး တစ်ခု ဖြစ်ခဲ့ရပါသည်။ ယနေ့ခေတ်တွင် အင်ဂျင်နီယာကျောင်းများကို မြန်မာနိုင်ငံအနှံ့ဖွင့်လှစ်ထားရှိ၏။ တိုင်းပြည်တည်ဆောက်ရေးအတွက် အားကိုးအားထားလောက်မည့် မျိုးဆက်သစ်အင်ဂျင်နီယာလူငယ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိ၏။ ရရှိလာမည့် အခွင့်အရေးများကို အမိအရဖမ်းဆုပ်လျက် နည်းပညာတက္ကသိုလ်များမှသာမဟုတ်၊ အခြားဘာသာရပ်ဆိုင်ရာတက္ကသိုလ်များအနေဖြင့်လည်း မိမိတို့ကျောင်းသားများအတွက် မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လေ့လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ သို့မှသာ မျိုးဆက်သစ်လူငယ်များအား လုပ်ငန်းခွင်အတွေ့အကြုံရရှိစေရေး၊ လက်တွေ့နှင့် စာတွေ့နယ်ပယ် ပေါင်းစပ်လေ့လာသင်ယူနိုင်ရေးနှင့် လူငယ်များအချင်းချင်း ရင်းနှီးစွာပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယနေ့ခေတ်သည် ပညာအခြေခံလူ့အဖွဲ့အစည်းကို အားပေးသော ခေတ်ဖြစ်လာပါပြီ။ နိုင်ငံတော်အစိုးရမှလည်း ပညာရေးကို အရှိန်အဟုန်မြှင့်တင်အားပေးထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်ကြီးများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် သင်ရိုးညွှန်းတမ်းများမှစ၍ အဘက်ဘက်မှ အဆင့်မြှင့်တင်လျက် ရှိပါသည်။ အစိုးရကောင်းတစ်ရပ်ဟူသည် အနာဂတ်အတွက် ကြိုတင်မှန်းဆ ပြင်ဆင်တတ်ကြသည်ဆိုပါက လူငယ်များကို ကောင်းမွန်စွာမြေတောင်မြှောက်ပေးခြင်းဖြင့် နောက်အနှစ်(၂၀)၌ စင်ကာပူကို မုချကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်မိပါသည်။ ။

# UAB Bank နှင့် ရခိုင်ယူနိုက်တက်အသင်းတို့ စပွန်ဆာစာချုပ် ချုပ်ဆို

**နေပြည်တော် ဇန်နဝါရီ ၁၁**

UAB Bank နှင့် ရခိုင်ယူနိုက်တက်အသင်းတို့၏ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ နိုဗိုတယ်မက်စ်ဟိုတယ် ပုသိမ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ၊ UAB Bank အမှုဆောင်အရာရှိချုပ်တို့က အမှာစကားပြောကြားကြပြီး နှစ်ဦးသဘောတူ စာချုပ်လက်မှတ်ရေးထိုးကြသည်။

စာချုပ်ချုပ်ဆိုပွဲသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရခိုင်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ UAB Bank (ယူနိုက်တက်အမရဘဏ်) အမှုဆောင်အရာရှိ ချုပ် ဦးသိန်းလွင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် စီအီးအို ဦးစိုးမိုးကျော်၊ UAB Bank တာဝန်ရှိသူများ၊ ရခိုင်ယူနိုက်တက်အသင်း ကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

UAB Bank အနေဖြင့် ရခိုင်ယူနိုက်တက်ဘောလုံးအသင်းအား တစ်နှစ်စာ ငွေကျပ်သိန်းတစ်ထောင်ဖြင့် စပွန်ဆာပေးခဲ့ခြင်းဖြစ်သည်။

ဇေယျာ(မိုင်ရာ)




## ရှနိုက်ဒါလင်၏ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ မန်ယူနှင့် အဲဗာတန် ပေါင် ၂၂ သန်းဖြင့် သဘောတူညီခဲ့

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းဖြင့် ရောင်းချရန်သဘောတူညီလိုက်ပြီဖြစ်ကြောင်းသိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ပြင်သစ်ကြယ်ပွင့် ရှနိုက်ဒါလင်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ဆောက်သမ်တန်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ယခင်နည်းပြဗန်ဟားလ်က ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရှနိုက်ဒါလင်သည် မန်ယူအသင်းအတွက် ၄၇ပွဲပါဝင်ကစားပေးခဲ့သော်လည်း နည်းပြမော်ရင်ဟိုလက်ထက်တွင်မူ ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲအပါအဝင် ပွဲပေါင်းရှစ်ပွဲသာလျှင် ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

အဲဗာတန်အသင်းနည်းပြ ကိုးမန်းသည် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွင် လက်စတာစီးတီးအသင်း အားရှုံးနိမ့်ခဲ့ရခြင်းကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ်ခေါ်ယူမှုများ ပြုလုပ်ရန်စီစဉ်ခဲ့ပြီး ချာလ်တန်အသင်းမှ အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး လွတ်ခ်မန်းကိုလည်း ပြောင်းရွှေ့ကြေး ပေါင် ၁၁ သန်းဖြင့် ခေါ်ယူထားခဲ့သည်။

ရှနိုက်ဒါလင်သည် ဝက်စ်ဘရွန်းအသင်း၏ ခေါ်ယူရန်ပစ်မှတ်ထားခြင်းကို ခံခဲ့ရသော်လည်း နည်းပြကိုးမန်း နှင့် ဒုတိယအကြိမ်ပြန်လည်လက်တွဲရန်အတွက် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရန်သဘောတူညီခဲ့ခြင်းဖြစ်ပြီး ရှနိုက်ဒါလင်သည် ဆောက်သမ်တန်အသင်းအား ကိုးမန်းကိုင်တွယ်စဉ်က နှစ်နှစ်ကြာပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။

အဲဗာတန်အသင်းနည်းပြ ကိုးမန်းသည် တစ်နိုင်ငံတည်းသားကစားသမားဖြစ်သည့် မန်ယူတိုက်စစ်မှူး ဒီပိုင်းကိုလည်းခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ဒီပိုင်းအား ခေါ်ယူရန် အခြားသောကလပ်အသင်းများနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒီပိုင်းသည် ၂၀၁၅ ခုနှစ် မေလအတွင်းက ပီအက်စ်ဗွီအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



## အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်ပထမအကျော့တွင် မန်ယူအသင်း ဟားလ်စီးတီးကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့

မန်ယူအသင်းနှင့် ဟားလ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ်ဖလားဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် မန်ယူအသင်းက ဟားလ်စီးတီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် ပထမပိုင်းတွင် ဦးဆောင်ဂိုးရရှိရေးရုန်းကန်ခဲ့ရသော်လည်း ကွင်းလယ်ကစား သမားနှစ်ဦးဖြစ်သည့် ဂျူအန်မာတာနှင့် ဖယ်လိုင်နီတို့က မန်ယူအသင်းအတွက် သွင်းဂိုးများကို ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်နှင့် ၈၇ မိနစ်တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ရွန်းနီ၊ ပေါ့ဘာနှင့် ဒီဂီယာအပါအဝင် ပထမအသင်းတွင် ပုံမှန်ပွဲထွက်ကစားနေသည့် ကစားသမားများကိုအသုံးပြုခဲ့ပြီး ရွန်းနီသည် ဘော်ဘီချာလ်တန်၏ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်ရန် နီးစပ်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းချက်ကြောင့် လွဲခဲ့ရသည်။

မန်ယူအသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲအရပ်ရပ်တွင် နောက်ဆုံးကိုးပွဲအထိ နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်က ၁၁ ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့ပြီးနောက်ပိုင်း ယခုတစ်ကြိမ်သည် မန်ယူအသင်းအတွက် အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျူအန်မာတာမှာမူ မန်ယူအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ၎င်းနောက်ဆုံးကစားခဲ့သည့် လိဂ်ဖလားပွဲစဉ်လေးပွဲတွင် သုံးဂိုးအထိသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုးမှာ မန်ယူအသင်းနှင့်အတူ သွင်းယူခဲ့ခြင်းဖြစ်ကာ တစ်ဂိုးမှာ ချယ်လ်ဆီးအသင်း၌ ကစားစဉ်သွင်းယူခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအတွက်မူ ဟားလ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၃ ပွဲ၌ ရှုံးပွဲမရှိခဲ့ဘဲ ၁၂ ပွဲအနိုင်ရရှိကာ တစ်ပွဲသရေကျထားသည်။ မန်ယူအသင်းသည် အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်ဒုတိယအကျော့ကို ဇန်နဝါရီ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

## ပေါင်သန်း ၂၀ရလျှင် ဆာခိုကို ပြန်လည်ရောင်းထုတ်မယ့် လီဗာပူး

လီဗာပူးအသင်းသည် နောက်ခံလူ ဆာခိုအတွက် ကမ်းလှမ်းမှုများကို တံခါးဖွင့်ထားပြီး ဇန်နဝါရီ ဈေးကွက်အတွင်းမှာပင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ရလျှင် ထုတ်ရောင်းမည်ဟု ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယင်းသတင်းများထွက်လာပြီးနောက် ဆာခိုကို ဂါလာတာစာရေးနှင့် ဆီဗီလာအသင်းတို့မှ ချိတ်ဆက်လာခဲ့သလို ဆောက်သမ်တန်အသင်းသည်လည်း အသင်းမှထွက်ခွာလိုသည်ဟုတောင်းဆိုထားသည့် အသင်းခေါင်းဆောင် ဖောင်တီနေရာတွင် အစားထိုးရန် စောင့်ကြည့်လျှက်ရှိနေသည်။

ပြင်သစ်လက်ရွေးစင် ဆာခိုမှာ ၂၀၁၅ခုနှစ်အတွင်း လီဗာပူးနှင့် ကာလကြာရှည် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သော်လည်း သူ၏ ကွင်းပြင်ပ အပြုအမူဆိုးများကြောင့် ၂၀၁၆ခုနှစ် ဧပြီလကတည်းက တစ်ပွဲမျှဝင်ရောက်ကစားခွင့်မရခဲ့သည်ကို တွေ့ရသည်။ ပြီးခဲ့သည့် နွေရာသီ လီဗာပူးအသင်း၏ ရာသီကြိုအမေရိက ခြေစွမ်းပွဲခရီးစဉ်အတွင်း စည်းကမ်းသေဝပ်မှုအားနည်းခြင်းကြောင့် နည်းပြ ဂျာဂန်ကလော့က ဆာခိုအား အိမ်ပြန်ပို့ခံခဲ့ရသေးသည်။ မန်ယူအသင်းနှင့် ယူရိုပါလိဂ် ဖလားပွဲမတိုင်မီ ဧပြီလအတွင်း ဆာခို၏ ဆီးစစ်ချက်အဖြေတွင် တားမြစ်ပစ္စည်း သုံးစွဲထားသည်ကို တွေ့ရှိရသဖြင့် ယူအီးအက်ဖ်အေက ရက်၃၀ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဆာခိုသည် သုံးနှစ်တာ ကာလအတွင်း လီဗာပူးအတွက် ၅၆ပွဲဝင်ရောက် ကစားပေးခဲ့သူဖြစ်သော်လည်း လက်ရှိတွင် အသက်(၂၃) နှစ်အောက်လူငယ်အသင်း နှင့်သာ လေ့ကျင့်ရေး ဆင်းနေရသည့် ကစားသမားဖြစ်သည်။



**မေလဲ့သင်း - ရေးသားသည်**



## စီရိုနယ်လ်ဒိုနှင့် ရီးယဲလ်မက်ဒရစ်အသင်းသားများကို ဖုန်းဆက်ပြီး တောင်းပန်ခဲ့သည့် အင်နီယေစတာ

ဖီဖာ အကောင်းဆုံးဘောလုံးဆုချီးမြှင့်ပွဲသို့ ဘာစီလိုနာ အသင်းသားများ တက်ရောက်ခဲ့ခြင်းမရှိသည့် ဖြစ်ရပ်အတွက် အကောင်းဆုံးကစားသမားဆုရှင် စီရိုနယ်လ်ဒိုနှင့် ရီးယဲလ်အသင်းဖော်များကို ဘာစီလိုနာ ကွင်းလယ်လူ အင်နီယေစတာက ဖုန်းဆက်၍ တောင်းပန်ခဲ့သည်။ ဖီဖာ(ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)က ဘာစီလိုနာအသင်း ပျက်ကွက်မှုအတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသလို ဘောလုံးလောက အသိုင်းအဝိုင်းအတွင်းကလည်း အဆိုပါ လုပ်ရပ်အတွက် အပြင်းအထန်ဝေဖန်ခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် ဘီဘာအိုအသင်းနှင့် ကစားမည့် ကိုပါဒယ်ရေးဖလားပွဲကြောင့် ဇူးရစ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးဆုချီးမြှင့်ပွဲတွင် အမည်စာရင်းပါဝင်နေသည့် မက်ဆီ၊ အင်နီယေစတာ၊ ပီကေးနှင့် ဆွာရက်ဇ်တို့ကို စေလွှတ်နိုင်ခြင်းမရှိခဲ့ပေ။ အင်နီယေစတာက ကလပ်အသင်း၏ ဆုံးဖြတ်ချက်ကို နားလည်သဘောပေါက်သော်လည်း ဆုချီးမြှင့်ပွဲသို့ ဘာစီလိုနာအသင်းသားများ တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် ဘောလုံးလောကသားများကို တောင်းပန်လိုကြောင်း ပြောကြားခဲ့သည်။

အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးခဲ့သူ စီရိုနယ်လ်ဒိုက ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုထံမှ ဆုလက်ခံအပြီးတွင်“ ဘာစီလိုနာအသင်းက ပုဂ္ဂိုလ်အချို့ ဒီဆုချီးမြှင့်ပွဲကို ရောက်မလာခဲ့လို့ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီကိစ္စရပ်ကို နားလည်သဘောပေါက်ပါတယ်” ဟု ပြောကြားခဲ့သည်။ ထို့ပြင် ယခင် ဘာစီလိုနာ ကစားသမား ဂျူဗင်တပ်နောက်ခံလူ အဲလ်ဗက်စ်ကလည်း ယခင်ဘာကာ အသင်းဖော်များက ရီးယဲလ်မက်ဒရစ် ကစားသမားများကြား သူ့ကို တစ်ယောက်တည်း အဖော်မဲ့အောင်ထားခဲ့သည်ဟု ဟာသနှောကာ နောက်ပြောင်ခဲ့သေးသည်။

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် -- ။ )**
**၁၃၇၈ ခုနှစ်၊ ----------------- ရက်**
**(၂၀၁၇ ခုနှစ်၊ --------လ ------ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ (က) ဤဥပဒေကို သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှု ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **ကာကွယ်ပေးမှုအစီအမံ**ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏမြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းကုန်စည်ကို ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက ကာကွယ်ပေးရန်နှင့် ကုစားမှုပေးရန် ကျင့်သုံးမည့်အစီအမံကို ဆိုသည်။ ယင်းအစီအမံများမှာ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏ ကန့်သတ်ခြင်းတို့ကို ဆိုသည်။
(ခ) **သွင်းကုန်ပမာဏမြင့်တက်ခြင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်ပစ္စည်းတစ်မျိုးမျိုး၏ သွင်းကုန်ပမာဏသည် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်ကို ထုတ်လုပ်သော ပြည်တွင်းထုတ်လုပ်မှု ပမာဏထက် သိသာထင်ရှားစွာ မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် မြင့်တက်လာသည့်ပမာဏကိုလည်းကောင်း ဆိုသည်။
(ဂ) **ပြည်တွင်းကုန်စည်ထုတ်လုပ်သူ**ဆိုသည်မှာ အောက်ဖော်ပြပါ ထုတ်လုပ်သူ သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်-
(၁) မြန်မာနိုင်ငံအတွင်း အလားတူကုန်စည်ထုတ်လုပ်သူ သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူ၊
(၂) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် ပေါင်းစပ်ထုတ်လုပ်သည့် ကုန်စည်တွင် ပြည်တွင်းအချိုးအစားများပြားစွာ ပါဝင်သည့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ကိုထုတ်လုပ်သူ။
(ဃ) **ပြင်းထန်သောထိခိုက်နစ်နာမှု** ဆိုသည်မှာ ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ လုပ်ငန်းဆိုင်ရာရပ်တည်မှုကို အဘက်ဘက်မှ သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော အခြေအနေကိုဆိုသည်။
(င) **"ပြင်းထန်သောထိခိုက်နစ်နာမှုဖြစ်စေရန်ခြိမ်းခြောက်မှု"**ဆိုသည်မှာ ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းဆိုင်ရာ ရပ်တည်မှုကို ပြင်းထန်သော ထိခိုက်နစ်နာစေရန်ခြိမ်းခြောက်လာသော သိသာသည့်အခြေအနေကို ဆိုသည်။
(စ) **အလားတူကုန်စည်**ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်သောကုန်စည်သည် စစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့် သွင်ပြင်လက္ခဏာ အားလုံး ထပ်တူကျနေခြင်း သို့မဟုတ် ယင်းသို့ ထပ်တူကျခြင်းမရှိသော်လည်း နီးစပ်စွာတူညီသည့် ကုန်စည်ကို ဆိုသည်။
(ဆ) **တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်**ဆိုသည်မှာ ပြည်တွင်းမှ ထုတ်လုပ်သော ကုန်စည်သည် စစ်ဆေးခြင်းခံရသည့်ကုန်စည်နှင့် ဓာတုဗေဒနည်းလမ်းများအရ ပေါင်းစပ်ဖွဲ့စည်းမှု၊ အခြားလက္ခဏာရပ်များဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြားနားမှုများရှိသော်လည်း အသုံးပြုသည့် ရည်ရွယ်ချက် အရသော်လည်းကောင်း၊ ဈေးကွက်အတွင်း စီးပွားဖြစ်ယှဉ်ပြိုင်မှု အရသော်လည်းကောင်း တစ်ခုနှင့်တစ်ခုအစားထိုး၍ တိုက်ရိုက် ယှဉ်ပြိုင်အသုံးပြုနိုင်သော ကုန်စည်ကို ဆိုသည်။
(ဇ) **စစ်ဆေးခြင်းခံရသည့်ကုန်စည်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းခံရသော ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်ကို ဆိုသည်။
(ဈ) **အကျိုးဝင်ဆက်နွှယ်သူများ** ဆိုသည်မှာ စစ်ဆေးခြင်းခံရသည့် ကုန်စည်၊ အလားတူကုန်စည်၊ ယင်းကုန်စည်နှင့် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်များကို ထုတ်လုပ်သူ၊ ယင်းလုပ်ငန်းရှိ အလုပ်သမားများ၏အကျိုးကို ကိုယ်စားပြုသည့် အဖွဲ့အစည်း၊ ရောင်းဝယ်သူ၊ တင်သွင်းသူ၊ ကုန်သည်အသင်းအဖွဲ့နှင့် စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို ပြည်ပ၌ ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်ပို့သူနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် ၎င်းနိုင်ငံ၏အစိုးရအဖွဲ့ကို ဆိုသည်။
(ည) **ယာယီကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ်ကာလအတွင်း ပြည်တွင်း ကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကို လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကို လည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့်ယာယီ အကောက်ခွန်ကို ဆိုသည်။
(ဋ) **ကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ် တွေ့ရှိ ဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်း ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကို လည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အချိန်ကာလတစ်ခုအထိ စည်းကြပ်ကောက်ခံခြင်းဖြစ်ပြီး အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် အကောက်ခွန်ကို ဆိုသည်။
(ဌ) **သွင်းကုန်ပမာဏကန့်သတ်ခြင်း**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ် တွေ့ရှိ ဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်း ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကို လည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် စစ်ဆေးခြင်းခံရသည့် ကုန်စည်၏ တင်သွင်းမှုပမာဏကန့်သတ်ခြင်းကို ဆိုသည်။
(ဍ) **ဖွံ့ဖြိုးဆဲနိုင်ငံ** ဆိုသည်မှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် သတ်မှတ်ထားသော အမည်စာရင်းတွင် ပါဝင်သည့်နိုင်ငံကို ဆိုလိုသည်။
(ဎ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ဆိုသည်။
(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။
(တ) **ဦးစီးဌာန**ဆိုသည်မှာ ကာကွယ်ပေးမှုအစီအမံဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။
(ထ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ကုန်စည်တစ်မျိုး၏သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းရှိ အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ ဖြစ်ပေါ်လာပါက ကာကွယ်မှုနှင့် ကုစားမှုပေးနိုင်မည့် အစီအမံများကို ကျင့်သုံးနိုင်စေရန်၊
(ခ) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်စေရန်၊
(ဂ) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုသည် သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ကျိုးကြောင်း ဆက်စပ်မှုရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားနိုင်ရန်အတွက် အဆိုပါသွင်းကုန်အပေါ် လုံလောက်သော ကာကွယ်မှုအခွန်ကို စည်းကြပ်ရန်။

**အခန်း(၃)**
**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

**ကော်မတီဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-
(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ကိုးဦးထက်မပိုသော အောက်ပါဌာနများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ကုန်သွယ်ရေး၊စီးပွားရေး၊ဘဏ္ဍာရေး၊ နိုင်ငံခြားရေး၊ စိုက်ပျိုးရေး၊ အလုပ်သမားရေးရာတို့နှင့် ဆက်စပ်သော ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်နှင့်အထက် အရာထမ်းများ | အဖွဲ့ဝင်များ |
| (၄) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။
(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ကာကွယ်ပေးမှုအစီအမံကျင့်သုံးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနမှ တင်ပြလာသည့် ကနဦးစိစစ်ချက်များအပေါ် စုံစမ်း စစ်ဆေးရန်သင့်၊ မသင့် ဆုံးဖြတ်ခြင်း၊
(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုသုံးသပ်ချက်များ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း၊
(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဦးစီးဌာနမှတစ်ဆင့် ပြန်လည်တင်ပြလာသည့် စုံစမ်းစစ်ဆေးချက်များနှင့် အကြံပြု သုံးသပ်ချက်များကို စိစစ်ခြင်း၊
(ဃ) ကာကွယ်ပေးမှုအစီအမံများနှင့်ပတ်သက်သည့် အစီအမံများချမှတ်မှု၊ သက်တမ်းတိုးမှု သို့မဟုတ် ပြင်ဆင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း၊
(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ဝန်ကြီးဌာနကို အကြံပြုခြင်း၊
(စ) ဤဥပဒေကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ တောင်းခံနိုင်ခြင်း၊
(ဆ) ကော်မတီ၏လုပ်ပိုင်ခွင့်ကို ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ထံ တာဝန်ပေးအပ်ခြင်း၊
(ဇ) လိုအပ်ပါက ကော်မတီခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

**အခန်း(၄)**
**ဦးစီးဌာနကို တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ကာကွယ်ပေးမှုအစီအမံကျင့်သုံးရန် တင်ပြလျှောက်ထားခြင်းအား အထောက်အထား ပြည့်စုံမှု ရှိ၊ မရှိ ကော်မတီသို့ စိစစ်တင်ပြခြင်း၊
(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊
(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံထားသော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို ထိန်းသိမ်းခြင်း၊
(င) ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခြင်း၊
(စ) ကော်မတီမှ ပေးအပ်သော အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၅)**
**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**
**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၈။ ကော်မတီသည် ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အခြားတာဝန်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ ဦးဆောင်ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ကော်မတီ၏တာဝန်ပေးအပ်မှုအရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ကို စုံစမ်းစစ်ဆေးခြင်း၊
(ခ) စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွှယ်သူများထံမှ တောင်းခံခြင်း၊
(ဂ) စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း အကျိုးဝင်ဆက်နွှယ်သူများမှ စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ၊ ထင်မြင်ယူဆချက်များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊
(ဃ) စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်းသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေ အထောက်အထားများကို လိုအပ်ပါက သိမ်းဆည်းထားခြင်း၊
(င) သွင်းကုန်ပမာဏမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်၊ ကျင့်သုံးသင့်သည့်အစီအမံ အမျိုးအစား၊ ပမာဏနှင့် ကာလတို့ကို အကြံပြုချက်များနှင့်တကွ ဦးစီးဌာနမှ တစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊
(စ) ကော်မတီမှ ပေးအပ်လာသည့် အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၆)**
**စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း**

**ကနဦးစိစစ်ခြင်း**

၁၀။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြင်းထန်စွာထိခိုက်နစ်နာသော ပြည်တွင်းကုန်စည် ထုတ်လုပ်သူ သို့မဟုတ် အဆိုပါကုန်စည်ထုတ်လုပ်သူ၏ ကိုယ်စားလှယ်သည် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် တင်ပြလျှောက်ထားရမည်။

၁၁။ ဦးစီးဌာနသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း စုံစမ်းစစ်ဆေးရန် သတ်မှတ်အထောက်အထားအချက်အလက် ပါဝင်မှု ရှိ၊ မရှိ ကနဦးစိစစ်၍ ကော်မတီသို့ တင်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## နတ်တလင်း၌ ပထမအကြိမ် ဘီပိုးကာကွယ်ဆေးထိုးနှံ



**နတ်တလင်း ဇန်နဝါရီ ၁၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရတနာပုံမန္တလေးကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီမှစတင်၍ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်း ဗိုလ်ကျော်သန်းပရဟိတအသင်းမြို့နယ် (မဘသ) အတွင်းရေးမှူး ဆရာတော်ဦးပညာဒီပ (စက္ခုဓမ္မသုခကျောင်း) နှင့် ဝံသာနုရက္ခိတအဖွဲ့ဝင်များပူးပေါင်းပြီး ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှု ပထမအကြိမ်ဘီပိုးကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးရာတွင် မြို့နယ်ပြည်သူ့ဆေးရုံမှ မြို့မကျန်းမာရေးမှူး ဦးစန်းလွင်နှင့် သူနာပြုဆရာမ စုစုပေါင်းကိုးဦးတို့ ပါဝင်သောအဖွဲ့သည် မြို့နယ်အတွင်းရှိ ပြည်သူ ၂၁၀ တို့အား ဘီပိုးကာကွယ်ဆေးထိုးပေးရာ တစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းပေးသွင်းရကြောင်းသိရသည်။ **(ဝ၇၁)**

## ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်



**မိုင်းယု ဇန်နဝါရီ ၁၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၆ သန်းဖြင့် ဦးကြည်သိန်းကုမ္ပဏီလီမိတက်က တာဝန်ယူလျက် ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံတော်ဓာတ်အား စနစ်ဝင်ရောက်လာပါက အဆင်သင့်ဖြစ်လာစေရေးအတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ကစတင်၍ (၁၁) ကေဗွီဓာတ်အားလိုင်းနှစ်မိုင်အား ကွန်ကရစ်တိုင်များစိုက်ထူခြင်းနှင့် ACSR ကြိုးများ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်တွင် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## မူးခင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်



**သထုံ ဇန်နဝါရီ ၁၁**
သထုံမြို့နယ် နောင်ကုလားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ မူးခင်းအသိပညာရရှိစေရေးအတွက် သထုံမြို့မရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် မူးခင်းဆိုင်ရာအချက်အလက်များ ဗဟုသုတရရှိစေရေးအတွက် ပြည်သူလူထုများအား ကျေးလက်နှင့်မြို့ပါမကျန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် မူးခင်းအသိပညာပေးယာဉ်ဖြင့် ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ဟောပြောပွဲများကို လူထုအတွင်း ထိရောက်မှုရှိစေရေးပညာပေးလုပ်ငန်းများကို လမ်းညွှန်ဆောင်ရွက်ခဲ့သည်။ လမ်းညွှန်ချက်နှင့်အညီ သထုံခရိုင်ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့ အနီးကပ်ကြီးကြပ်ပြီး သထုံမြို့မ ဒုတိယရဲစခန်းမှူး ရဲအုပ်တင်ထွန်းဦး ဦးဆောင်သောအဖွဲ့သည် သထုံမြို့နယ် နောင်ကုလားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆရာကြီး ဦးသူရလင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူအင်အား ၃၁၅ ဦးတို့အား ပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

# ကြေးသွန်းရုပ်တုများကို ဖယောင်းကိုင်၊ မြေကြမ်းမံအဆင့်ကို ပုတ်ပြတ်လုပ်ဆောင်လာလျက်ရှိနေ

**မန္တလေး ဇန်နဝါရီ ၁၁**
မြန်မာ့ကြေးသွန်းအနုပညာလက်ရာသည်ခေတ်အဆက်ဆက်က ထင်ရှားကျော်ကြားပြီးလက်ရာမြောက်လွန်းလှသည်။ ကြေးသွန်းရုပ်တုတစ်ခုဖြစ်ပေါ်ရန် အဆင့်များစွာဖြတ်ကျော်ရသည်။ ပထမဦးစွာ နွံ့စေးနှင့် စပါးခွံတို့ကို သမအောင်နယ်ထားသောမြေဖြင့် မိမိသွန်းလုပ်လိုသည့်ပုံစံကို ပုံဖော်ရသည်။ ပုံဖော်ထားသည့် အကြမ်းထည်နွံ့ရုပ်ကို နေလှန်းပေးရသည်။ နေလှန်း၍ ခြောက်သွားသောအကြမ်းထည်ကို အချောကိုင်ရသည်။ ပုံချောထွက်လာပါက ပြန်၍နေလှန်းပေးထားရသည်။ နေလှန်း၍ ခြောက်သွားသည်နှင့် ကော်ဖတ်စားကာ မြေနုသုတ်ပေးရသည်။ ထို့နောက် ကော်ဖတ်အချောစားကာ ကော်ရည်သုတ် သောအဆင့်တို့ကို ပြုလုပ်ကြရသည်။ ဒုတိယအဆင့်အနေဖြင့် ဖယောင်းကိုင်သောအဆင့်ကို ပြုလုပ်ကြသည်။ ဖယောင်းကိုင်ရန်အတွက် ဖယောင်းကို အချိုးကျစပ်ပေးရသည်။ ဖယောင်းစပ်ရာတွင် ဖယောင်းအဖြူ ၁၀ ပိဿာ၊ အင်တွဲခြောက်ပိဿာ၊ ရေနံချေးအပျော့၊ အမာတို့ကို လိုသလိုစပ်ပြီးထည့်ကာ ကျိုရသည်။ ဖယောင်းကျိုပြီးသည်နှင့် စက်ဖြင့် အပြားကြိတ်ကာ ကိုယ်လိုရာထုကို အပြားပြုလုပ်ရသည်။ ဖယောင်းပုံအဆင့်မှာ အရေးကြီးပြီး ဖယောင်းပုံမှ ပုံတူအဆင့်ရောက်သည်။

မြေကြမ်းမံပြီးသည်နှင့် သံပြားများနှင့်ချုပ်ရသည်။ သံပြားပေါ်တွင် မြေတစ်ထပ်မံပေးရသည်။ ထို့နောက် အောက်ခြေခွာချုပ်ပြီး အပေါက်ဖောက်ကာ မြေမံရပြန်သည်။ ထိုအခြေအနေတွင် အတွင်းပိုင်းကမြေ၊ အလယ်က ဖယောင်း၊ အပြင်ကမြေ၊ အောက်ခြေဖောက်နေလှန်းပြီး ခြောက်သည်နှင့် ကြေးသွန်းလောင်းရန် အဆင်သင့်ဖြစ်သွားသည်။

ကြေးသွန်းပြီးသည်နှင့် တစ်ရက်ထားပြီး မြေသားကို ထုခွာလိုက်သည်နှင့် ကြေးသွန်းပုံကြမ်းပေါ်လာသည်။ ထိုကြေးသွန်းပုံကြမ်းကို ခေတ်ပေါ်စက်ကိရိယာဖြင့် အချောကိုင်ကာ ကြေးကိုအရောင်တင်ကြရသည်။ ထိုသို့ပြုလုပ်ပြီးပါက ဈေးကွက်ဝင်သည့် လက်ရာမြောက်ကြေးသွန်းအနုပညာတစ်ခုဖြစ်ပေါ်လာရသည်။

လက်ရှိကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ပုံတစ်ဆူလျှင် ဉာဏ်တော်တစ်ပေအရွယ်ရုပ်တုမှစကာ အရွယ်အစားအလိုက် ဈေးနှုန်းမြင့်တက်သွားသည်ဟု သိရသည်။ မြန်မာ့ကြေးသွန်းအနုပညာလက်ရာသည် အဆင့်များစွာဖြတ်ကျော်ရပြီး လက်ရာမြောက်စွာပြုလုပ်ရသော အနုပညာလုပ်ငန်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ ပုံတူကြေးသွန်းရုပ်တုများကို မန္တလေးမြို့သို့လာရောက်အပ်နှံကြသည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာအနုပညာလက်ရာမြောက်ကြေးသွန်းပန်းတဉ်းပညာရှင်များ အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ကာ ပုံမှန်ဝင်ငွေဖော်ဆောင်လျက်ရှိသည်။ ကြေးသွန်းပန်းတဉ်းပညာကို သင်ယူပါက အနည်းဆုံးသုံးနှစ်ခန့်ပညာသင်မှသာ ကျွမ်းကျင်စွာတတ်မြောက်သည်။ လက်ရှိကာလတွင် ကြေးသွန်းအနုပညာရှင်များမှာ ဖယောင်းကိုင် မြေကြမ်းမံသည့်အဆင့်အထိ ပုတ်ပြတ်လုပ်ဆောင်ကာ အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ရင်း ပုံမှန်ဝင်ငွေဖော်ဆောင်လျက်ရှိသည်။ ဖယောင်းကိုင် မြေကြမ်းမံအဆင့်အထိ ရုပ်ပွားတော်တစ်ဆူလျှင် အနည်းဆုံး ငါးရက်အထိ လုပ်ဆောင်ရသည်။ ဖယောင်းကိုင် မြေကြမ်းမံပြီးအဆင့်အထိ ၂၇ လက်မ ရုပ်ပွားတော်တစ်ဆူလျှင် ငွေကျပ်လေးသောင်းငါးထောင် ရရှိသည်။ ဖယောင်းကိုင် မြေကြမ်းမံအဆင့်ရုပ်ပွားတော်များကို ကြေးသွန်းသည့်နေရာသို့ ကားဖြင့်တင်ပို့ပေးကြသည်။ ဖယောင်းကိုင် မြေကြမ်းမံအဆင့်အထိ မိမိအိမ်တွင်ပင် အလုပ်အကိုင်ခွဲခြားလုပ်ကိုင်မှုပြုလုပ်ကာ ပုံမှန်ဝင်ငွေဖော်ဆောင်လျက်ရှိသည်။
**တိမ်တမန်**

# မြန်မာနိုင်ငံ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်း (ရှမ်းပြည်နယ်) ဖြစ်မြောက်ရေးတွေ့ဆုံပွဲနှင့် ဟောပြောပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၁**
မြန်မာနိုင်ငံ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်း(ရှမ်းပြည်နယ်) ဖြစ်မြောက်ရေးတွေ့ဆုံပွဲနှင့် လူငယ်စွန့်ဦးတီထွင်ဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရိုင်ရယ်တောင်ကြီးဟိုတယ်၌ ကျင်းပခဲ့သည်။

MYEA သည် ၂၀၁၂ ခုနှစ်တွင် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ပြီး တည်ထောင်ခဲ့ကြောင်း အာဆီယံအသိုက်အဝန်းထဲတွင်ရှိသည့် အာဆီယံတရုတ်လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ACYEA အသင်းကြီးထဲတွင် ပါဝင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့ကို ကနဦးအနေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရဲ့ ညီနောင်အဖွဲ့အနေဖြင့် ၂၀၀၉ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ MYEA အသင်းသည် အာဆီယံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကောင်စီ၏ မူလတည်ထောင်သူအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် အဆိုပါအသင်းအား အာဆီယံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကောင်စီတွင် မြန်မာနိုင်ငံကိုယ်စားပြုသည့် ဦးဆောင်အသင်းအဖြစ် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် UMFCCI တို့မှ အသိအမှတ်ပြုခဲ့ကြောင်း၊ စွန့်ဦးတီထွင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာခြင်းဖြင့် တိုင်းပြည်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိခြင်း၊ ဝင်ငွေတိုးတက်ရရှိခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျော့နည်းစေမည်ဖြစ်ပြီး နိုင်ငံတော်အတွက် များစွာအကျိုးပြု၍ ရေရှည်တည်တံ့သော တိုးတက်မှုရရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ဝင်ငွေတိုးတက်ရရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များအား ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းက ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စွန့်ဦးတီထွင်လူငယ် လုပ်ငန်းရှင်များအသင်းဗဟိုဥက္ကဋ္ဌ ဦးဝေဖြိုးက Key Note speech ပြောကြားကာ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်း (ရှမ်းပြည်နယ်) ယာယီဖွဲ့စည်းခြင်းအသိမှတ်ပြု ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်းမှအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ဒါဂိုရှီဇားဘေလီသံပေါင်တံတားတည်ဆောက်ပြီးစီး

**ပူတာအို ဇန်နဝါရီ ၁၁**
ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်အတွင်းရှိ ပူတာအို-အထက်ရှန်ဂေါင်သွားလမ်းပေါ်ရှိ နမ့်ဟန့်တင်ချောင်းတွင် ယခင်ဒါဂိုရှီဇားကြိုးတံတားအစား ဘေလီသံပေါင်တံတားတည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများ အချိန်မရွေး ရာသီမရွေး အန္တရာယ်ကင်းစွာသွားလာနေပြီဖြစ်ကြောင်း သိရသည်။

ယင်းဒါဂိုရှီဇားတံတားသည် အောက်ခြေသံကူကွန်ကရစ်တိုင်နှင့် အပေါ်ထည်နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တံတားအမျိုးအစားနှင့် ပေအရှည်ပေါင်း ပေ ၂၄၀ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၅၈၂ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနက ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ယခုအခါ တန် ၃၀ တင် ကားကြီးများလည်း အလွယ်တကူ ဖြတ်သန်းသွားလာနေပြီဖြစ်သည်။

အဆိုပါ ဒါဂိုရှီဇား(ယခင်) ကြိုးတံတားနေရာတွင် ဘေလီသံပေါင်တံတားတည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် ပူတာအိုမြို့နယ်အတွင်းရှိ မန်စေအုပ်စု၊ မန်စေခွန်အုပ်စုအတွင်းနေထိုင်ကြသည့် ပြည်သူများ သွားလာရေးလွယ်ကူလာသည့်အပြင် ဒါဂိုရှီဇားတံတားသည် ဖုန်ကန်ရေခဲတောင်သွားလမ်းမကြီးပေါ်တွင်တည်ရှိ၍ ပြည်တွင်းပြည်ပ ခရီးသွားများလည်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။
**ခရိုင်(ပြန်/ဆက်)**



မောင်တောခရိုင် မောင်တောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော်၏ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ရန်အောင်ပြင်ကျေးရွာ အဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ တာဝန်ရှိသူများက ဇန်နဝါရီ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့စဉ်။
**ခရိုင်(ပြန်/ဆက်)**

အီတလီစီးရီးအေရင်ခုန်သံ-၂၀

# ဖီအိုရင်တီးနားကိုအနိုင်ကစားသွားမယ့် ချန်ပီယံဂျူဗင်တပ်

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၂၀ ကိုလာမယ့် ဇန်နဝါရီ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ဂျူဗင်တပ်ဟာ အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဖီအိုရင်တီးနားနဲ့ အဝေးကွင်းမှာရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရမှာဖြစ်ပါတယ်။

ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| အစ်ကာဒီ(အင်တာမီလန်) | - ၁၄ဂိုး |
| ဇက်ကို(ရိုးမား) | - ၁၃ဂိုး |
| ဘာလော့တီ(တိုရီနို) | - ၁၃ဂိုး |
| ဟီဂူအင်(ဂျူဗင်တပ်) | - ၁၂ဂိုး |
| မာတန်စ်(နာပိုလီ) | - ၁၁ဂိုး |




အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၈ | ၁၅ | ၀ | ၃ | ၃၉ | ၁၄ | ၂၅ | ၄၅ |
| ၂ | ရိုးမား | ၁၉ | ၁၃ | ၂ | ၄ | ၄၀ | ၁၈ | ၂၂ | ၄၁ |
| ၃ | နာပိုလီ | ၁၉ | ၁၁ | ၅ | ၃ | ၄၂ | ၂၂ | ၂၀ | ၃၈ |
| ၄ | လာဇီယို | ၁၉ | ၁၁ | ၄ | ၄ | ၃၃ | ၂၁ | ၁၂ | ၃၇ |
| ၅ | အေစီမီလန် | ၁၈ | ၁၁ | ၃ | ၄ | ၂၈ | ၂၀ | ၈ | ၃၆ |
| ၆ | အတ္တလန္တာ | ၁၉ | ၁၁ | ၂ | ၆ | ၃၁ | ၂၂ | ၉ | ၃၅ |
| ၇ | အင်တာမီလန် | ၁၉ | ၁၀ | ၃ | ၆ | ၃၀ | ၂၂ | ၈ | ၃၃ |
| ၈ | တိုရီနို | ၁၉ | ၈ | ၅ | ၆ | ၃၆ | ၂၇ | ၉ | ၂၉ |
| ၉ | ဖီအိုရင်တီးနား | ၁၈ | ၇ | ၆ | ၅ | ၂၈ | ၂၄ | ၄ | ၂၇ |
| ၁၀ | အူဒီးနီးစ် | ၁၉ | ၇ | ၄ | ၈ | ၂၅ | ၂၆ | -၁ | ၂၅ |
| ၁၁ | ချီယေဗို | ၁၉ | ၇ | ၄ | ၈ | ၂၀ | ၂၄ | -၄ | ၂၅ |
| ၁၂ | ဂျီနိုအာ | ၁၉ | ၆ | ၅ | ၈ | ၂၁ | ၂၃ | -၂ | ၂၃ |
| ၁၃ | ဆမ်ဒိုးရီးယား | ၁၉ | ၆ | ၅ | ၈ | ၂၂ | ၂၆ | -၄ | ၂၃ |
| ၁၄ | ကယ်ဂလီယာရီ | ၁၉ | ၇ | ၂ | ၁၀ | ၂၇ | ၄၃ | -၁၆ | ၂၃ |
| ၁၅ | ဘိုလော့နာ | ၁၈ | ၅ | ၅ | ၈ | ၁၇ | ၂၅ | -၈ | ၂၀ |
| ၁၆ | ဆာစူအိုလို | ၁၉ | ၅ | ၃ | ၁၁ | ၂၄ | ၃၃ | -၉ | ၁၈ |
| ၁၇ | အမ်ပိုလီ | ၁၉ | ၄ | ၅ | ၁၀ | ၁၁ | ၂၆ | -၁၅ | ၁၇ |
| ၁၈ | ပါလာမို | ၁၉ | ၂ | ၄ | ၁၃ | ၁၆ | ၃၆ | -၂၀ | ၁၀ |
| ၁၉ | ခရိုတိုနီ | ၁၈ | ၂ | ၃ | ၁၃ | ၁၄ | ၃၃ | -၁၉ | ၉ |
| ၂၀ | ပက်စ်ကာရာ | ၁၈ | ၁ | ၆ | ၁၁ | ၁၄ | ၃၃ | -၁၉ | ၉ |

### ခရိုတိုနီ - ဘိုလော့နာ
ည ၁၁း၃၀ (၁၄-၁-၁၇)

ခရိုတိုနီကနောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းသာမန်ပဲရှိတယ်။ ဘိုလော့နာရဲ့ အဝေးကွင်းရှုံးအားမဆိုးဘူး။ ဒါပေမယ့်ဒီပွဲပြီးရင် ရက်သိပ်မခြားဘဲ အင်တာမီလန်နဲ့ ကိုပါအီတာလီယာဖလားပွဲကစားရမှာမို့ ကစားသမားချန်ပြီး ပွဲထွက်လာနိုင်တယ်။ အထူးသဖြင့် ခရိုတိုနီက တန်းမဆင်းရဖို့အားစိုက်လာမှာဖြစ်တာကြောင့် ဘိုလော့နာတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်တယ်။

### ကယ်ဂလီယာရီ - ဂျီနိုအာ
ည ၆း၀၀ (၁၅-၁-၁၇)

ကယ်ဂလီယာရီက ဂျီနိုအာနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာ ရှုန်းကန်နေရတယ်ဆိုပေမယ့် ဒီပွဲပြီးရင်ဂျီနိုအာက ကိုပါအီတာလီယာဖလားပွဲကစားရဖို့ရှိလို့ ခြေချိန်ကစားလာနိုင်တာကြောင့် အိမ်ကွင်းအခွင့်အရေးရှိနေတဲ့ ကယ်ဂလီယာရီအနေနဲ့ ဂျီနိုအာကိုအကောင်းဆုံး ထိန်းချုပ်ရင်ဆိုင်နိုင်မှာပါ။ ကယ်ဂလီယာရီရဲ့တိုက်စစ်ကလည်း အိမ်ကွင်းမှာဂိုးသွင်းခြေရတတ်တယ်။ အိမ်ကွင်းမှာ ကယ်ဂလီယာရီသာ ကပ်နိုင်သွားနိုင်တယ်။

### ဆမ်ဒိုးရီးယား - အမ်ပိုလီ
ည ၈း၃၀ (၁၅-၁-၁၇)

ဆမ်ဒိုးရီးယားက အသင်းလိုက်ခြေစွမ်းပိုင်းမဆိုးပေမယ့် တိုက်စစ်က ပုံမှန်ဂိုးသွင်းခြေမရှိတာမို့ နောက်ပိုင်းပွဲတွေမှာရလဒ်ကောင်းရဖို့ ရှုန်းကန်နေရတယ်။ ဒါ့အပြင်ဒီပွဲပြီးရင်လည်း ရိုးမားနဲ့ကိုပါအီတာလီယာဖလားပွဲ ကစားဖို့ရှိနေတာကိုသတိပြုရမယ်။ အမ်ပိုလီကလည်း အဝေးကွင်းခြေစွမ်းအားနည်းတတ်ပြီးအဝေးကွင်းမှာ တိုက်စစ်စွမ်းဆောင်ရည် အကောင်းဆုံးပုံစံမှာမရှိဘူး။ ဒါကြောင့်လည်း သရေကျဖို့များတဲ့ပွဲလို့ မြင်မိတယ်။

### နာပိုလီ - ပက်စ်ကာရာ
ည ၈း၃၀ (၁၅-၁-၁၇)

နာပိုလီက ဒီပွဲမတိုင်ခင် ကိုပါအီတာလီယာပွဲကစားခဲ့ရတယ် ဆိုပေမယ့်အသင်းငယ်လေးနဲ့သာရင်ဆိုင်ခဲ့ရတာမို့ ပွဲပန်းမှုကြီးကြီးမားမားမရှိနိုင်ဘူး။ နာပိုလီရဲ့ခြေစွမ်းကောင်းမွန်သလို မာတန်စ်၊ ကယ်လီဂျွန်တို့လို တိုက်စစ်ကစားသမားတွေလည်း ဂိုးသွင်းခြေရှိတယ်။ ပက်စ်ကာရာက အဝေးကွင်းမှာ အကောင်းဆုံးပုံစံရဖို့ ရှုန်းကန်နေရပြီး ခရိုတိုနီ၊ ပါလာမိုတို့ကိုတောင် အနိုင်ယူနိုင်မှုမရှိခဲ့ဘူး။ နာပိုလီအသင်းပဲ ဂိုးပြတ်အနိုင်ရသွားမှာပါ။

### ဖီယိုရင်တီနာ - ဂျူဗင်တပ်
နံနက် ၂း၁၅ (၁၆-၁-၁၇)

ဒီပွဲမတိုင်ခင် နှစ်သင်းစလုံး ကိုပါအီတာလီယာဖလားပွဲတွေ ကစားခဲ့ရတာကိုသတိပြုရမယ်။ ဖီအိုရင်တီးနားရဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းနေတယ်ဆိုပေမယ့် အိမ်ကွင်းမှာ နာပိုလီကိုသုံးဂိုးစီ သရေကစားနိုင်ခဲ့တယ်။ ဒါပေမယ့် ဂျူဗင်တပ်ကလည်း အဝေးကွင်းမှာ ရှုန်းအား ကောင်းမွန်မှုရှိတဲ့အသင်းဖြစ်တယ်။ လက်ရှိအချိန်မှာ ဂျူဗင်တပ်ရဲ့ခံစစ်ပိုင်း အနည်းငယ်အားနည်းမှုတွေ ရှိနေပေမယ့်လည်း ဒီပွဲမှာတော့ နိုင်ပွဲကပ်ရနိုင်တယ်။

### အင်တာမီလန် - ချီယေဗို
နံနက် ၂း၁၅ (၁၅-၁-၁၇)

အင်တာမီလန်က ဒီပွဲပြီးရင် ကိုပါအီတာလီယာဖလားပွဲ ကစားဖို့ရှိပေမယ့် ဘိုလော့နာနဲ့သာရင်ဆိုင်ခဲ့ရလို့ ပွဲပန်းမှု သိပ်မရှိနိုင်ဘူး။ ဒါပေမယ့် ချီယေဗိုကဒီပွဲပြီးရင် ကိုပါအီတာလီယာဖလားပွဲအဖြစ် ဖီအိုရင်တီးနားနဲ့ ရင်ဆိုင်ရမှာပါ။ ဒီပွဲမှာခြေကုန်ထုတ်လာဖို့ မသေချာတာမို့ ခြေစွမ်းကောင်းရရှိနေတဲ့ အင်တာမီလန်ရဲ့ဖိအားပေးမှုကို ခံရမှာပါ။ ဥရောပဝင်ခွင့်အတွက် အားစိုက်ကစားလာမယ့် အင်တာမီလန်သာ နှစ်ဂိုးအသာနဲ့ အနိုင်ရသွားနိုင်တယ်။

### လာဇီယို - အတ္တလန္တာ
ည ၇း၃၀ (၁၅-၁-၁၇)

နောက်ပိုင်းပွဲတွေမှာ လာဇီယိုရဲ့ခြေစွမ်းပိုင်း မဆိုးသလို အိမ်ကွင်းမှာ ဖီအိုရင်တီးနားကိုတောင် အနိုင်ယူနိုင်ခဲ့တယ်။ လာဇီယိုက ဒီပွဲပြီးရင် ဂျီနိုအာနဲ့ ကိုပါအီတာလီယာဖလားပွဲ ကစားရဖို့ရှိပေမယ့် ဂျီနိုအာကလည်း ဒီပွဲမတိုင်ခင် ကိုပါအီတာလီယာဖလားပွဲမှာ ဂျူဗင်တပ်နဲ့ ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ အတ္တလန္တာကအဝေးကွင်းမှာ အသင်းကောင်းတွေကို ခက်ခက်ခဲခဲ ရင်ဆိုင်နေရတာကြောင့် လာဇီယိုပဲနိုင်ပွဲရသွားမှာပါ။

### ဆာစူအိုလို - ပါလာမို
ည ၇း၃၀ (၁၅-၁-၁၇)

ဒီပွဲပြီးရင် ဆီစီနာအသင်းနဲ့ ကိုပါအီတာလီယာဖလားပွဲ ကစားဖို့ရှိနေတဲ့ ဆာစူအိုလိုက အိမ်ကွင်းမှာလည်း အကောင်းဆုံးပုံစံရဖို့ ရှုန်းကန်ရလေ့ရှိတယ်။ ပါလာမိုအသင်းကတော့ နောက်ပိုင်းပွဲတွေမှာ ကစားအားမဆိုးသလိုတိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေလို့ ဆာစူအိုလိုခံစစ်ကို ဖိအားပေးနိုင်စွမ်းရှိတယ်။ ဆာစူအိုလိုရဲ့အိမ်ကွင်းဖြစ်ပေမယ့် ပါလာမိုအသင်း ကပ်နိုင်သွားမယ်လို့ မြင်မိတယ်။

### အူဒီးနီးစ် - ရိုးမား
ည ၇း၃၀ (၁၅-၁-၁၇)

အူဒီးနီးစ်ရဲ့ အိမ်ကွင်းရလဒ်တွေကောင်းမွန်နေသလို ရိုးမားအသင်းရဲ့ အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရမှုကို ပြန်လည်ချေပနိုင်ဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့် ရိုးမားက ခြေစွမ်းပိုင်းကောင်းမွန်ပြီး အဝေးကွင်းမှာ ဂျူဗင်တပ်ကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအရ အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တယ်။ ဒါပေမယ့် အဝေးကွင်းမှာ ရိုးမားအသင်းရဲ့ တိုက်စစ်စွမ်းဆောင်ရည် တည်ငြိမ်မှုအားနည်းတယ်။ ရိုးမားအနိုင်ရမယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်ပါတယ်။

### တိုရီနို - အေစီမီလန်
နံနက် ၂း၁၅ (၁၇-၁-၁၇)

တိုရီနိုနဲ့ အေစီမီလန်တို့ဟာဒီပွဲမတိုင်ခင် ရက်သိပ်မခြားဘဲ ကိုပါအီတာလီယာဖလားပွဲမှာ ရင်ဆိုင်ခဲ့ရတာမို့ ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် တိုရီနိုဟာအိမ်ကွင်းမှာ ကစားပုံမာကျောမှုရှိတာကြောင့် အေစီမီလန်ကို အခက်တွေ့စေမှာပါ။ အေစီမီလန်ကအသင်းလိုက်ကစားပုံ မဆိုးပေမယ့်နောက်ပိုင်းပွဲတွေမှာ တိုက်စစ်က အဆုံးသတ်ပိုင်းအားနည်းနေတယ်။ ခြေစွမ်းကွာဟမှုကျဉ်းမြောင်းပေမယ့် တိုရီနိုတို့အိမ်ကွင်းမှာ ကပ်နိုင်မယ်လို့ သုံးသပ်မိတယ်။

## မန်ယူပစ်မှတ် မင်နိုလက်စ်အတွက် ပေါင်သန်း ၅၀ အထက် ရိုးမားအသင်းအလိုရှိနေ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုက ဇန်နဝါရီ ဈေးကွက်ကာလအတွင်း ခံစစ်ကစားသမား ထပ်မံဝယ်ယူတော့မည်မဟုတ်ကြောင်း လူသိရှင်ကြား ပြောကြားခဲ့သော်လည်း တကယ်တမ်းတွင် ရိုးမားဗဟိုနောက်ခံလူ မင်နိုလက်စ်ကိုခေါ်ယူရန် လျှို့ဝှက်ချိတ်ဆက်နေသည်ဟု The Sun သတင်းဌာနက ဖော်ပြသည်။

မန်ယူနည်းပြ မော်ရင်ဟိုက မင်နိုလက်စ်ကို ပြောင်းရွှေ့ကြေး ၃၂ဒသမ၅ သန်းဖြင့် ကနဦးကမ်းလှမ်းခဲ့ရာ ရိုးမားအသင်းက ချက်ချင်းပင် ပယ်ချခဲ့ပြီးနောက် မန်ယူအသင်းကမင်နိုလက်စ်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၄၇ဒသမ၆သန်း ဖြင့် ထပ်မံကမ်းလှမ်းခဲ့သည်။ သို့သော် ရိုးမားအသင်းက မူ မန်ယူအသင်းအနေဖြင့် နောက်ခံကစားသမား မင်နိုလက်စ်ကို အလိုရှိလျှင် ပေါင် ၅၂ သန်း အထက်ပေးချေမှသာဖြစ်နိုင်မည်ဟု အကြောင်းပြန်ခဲ့ ကြောင်း သိရသည်။

မော်ရင်ဟို မန်ယူနည်းပြအဖြစ် စတင်တာဝန်ယူချိန်ကတည်းက မင်နိုလက်စ်နှင့် အသင်းဖော် ဖလော်ရန်စီတို့ကို တစ်ပြိုင်နက်တည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုကလည်း နောက်ခံလူတစ်ဦးကို ပေါင်သန်း ၅၀ အထက်ပေးချေခေါ်ယူရန် ဆန္ဒမရှိရာ မော်ရင်ဟိုက ဘင်ဖီကာနောက်ခံလူ လင်ဒီလော့ဖ်ကို ဘက်ပြောင်းစဉ်းစားလာခြင်းဖြစ်သည်။ သို့သော် မော်ရင်ဟို၏ ဦးစားပေးနောက်ခံကစားသမားမှာ မင်နိုလက်စ်သာ ဖြစ်ပြီး ၎င်းကို မရရှိမှသာလျှင် အခြား ခံစစ်ကစားသမားကို ခေါ်ယူလိုသည်ဟုလည်း သိရသည်။

**မေလဲ့သင်း**

■

ကြေးမုံ



# သရက်မြို့နှင့် အောင်လံမြို့ကူးသော ရေယာဉ်များမှာ ခရီးသည်များအန္တရာယ်ကင်းရေးကို အားထားလုပ်ဆောင်



**သရက် ဇန်နဝါရီ ၁၁**

သရက်မြို့နှင့် အောင်လံမြို့ကို ကူးလူးသွားလာသူများမှာ ဧရာဝတီမြစ်ကိုဖြတ်ကာ ရေယာဉ်များဖြင့် သွားလာကြသည်။ နေ့စဉ်အချိန်မှန်ပြေးဆွဲပေးသော မော်တော်ကြီးများနှင့်အတူ စက်လှေများဖြင့် သွားလာကြသည်။ အများစုမှာ လျင်မြန်စွာသွားလာနိုင်သည့် စက်လှေများဖြင့် ကူးလေ့ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ၊ ရောင်းဝယ်ဖောက်ကားသူများ ခရီးသွားများ နေ့စဉ်သွားလာကြသည်။

အချိန်မှန်ထွက်ကာ လူဦးရေ ၆၀ တင်သည့် မော်တော်ကြီးများမှာ လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ သာပေးရသည်။ ပုံမှန်စက်လှေများမှာ လူတစ်ဦးလျှင် ငွေကျပ် ၅၀၀ ပေးရသည်။ စက်လှေများနှင့် မော်တော်များမှာ ခရီးသည်များ အန္တရာယ်ကင်းဝေးစေရေးအတွက် အားထားလုပ်ဆောင်ကြသည်။ စက်လှေများမှာ ခရီးသည် ၁၄ ဦးသာတင်ဆောင်သည်။ အောင်လံနှင့် သရက်ကူးသည့် ခရီးသည်များသည့်အတွက် ဆယ်မိနစ်အတွင်း လူ ၁၄ ဦး ပြည့်သည့်အတွက် အချိန်စောင့်ရခြင်းမရှိကြောင်း သိရသည်။

အောင်လံ-သရက်ကူးသော စက်လှေ ၆၂ စင်းရှိပြီး တစ်နေ့လျှင် ဒေသအခေါ် တစ်ကြောင်းခွဲ ရရှိသည်။ အများစုသောခရီးသည်များမှာ အချိန်မစောင့်ရသည့်စက်လှေကို အားထားစီးနင်းကြပြီး ကျောင်းသားများနှင့် ဝန်ထမ်းများမှာ ပုံမှန်ထွက်သည့်မော်တော်ကြီးကိုသာ စီးနင်းကြသည်။ မော်တော်ကြီးနှင့်အတူ စက်လှေများမှာ ခရီးသည်များ အန္တရာယ်ကင်းရေးကိုသာ အလေးထားလုပ်ဆောင်ကာ ဧရာဝတီမြစ်ကိုဖြတ်ကူးပြီး ကမ်းနှင့်မနီးမဝေးနေရာမှ ခုတ်မောင်းလေ့ရှိသည်။ အောင်လံနှင့် သရက်ကူးသည့်ရေယာဉ်တိုင်း စည်းကမ်းတကျနှင့် ခရီးသည်များကို စိတ်ချမ်းသာမှုရရှိအောင် စွမ်းဆောင်ပေးလျက်ရှိကြောင်း သိရသည်။

နွေနဒီ၊မြစ်ငယ်

## သဘာဝဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေး ဆွေးနွေးဟောပြော

**ခင်ဦး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဦးအောင်ဇေယျဉ့ရိပ်သာ၌ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၆၃ ဦးအား သဘာဝဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မီမီထွန်းနှင့် ဦးစီးမှူးဦးသန့်ဇော်မောင်တို့က ရေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ မုန်တိုင်းဘေးများကို ကြိုတင်ကာကွယ်ပြင်ဆင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရန် သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ကာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချစ်စံ(ခင်ဦး)

## အပေါ့စားရေစုပ်စက်များဖြင့် မီးငြှိမ်းသတ်ရေး သရုပ်ပြ

**လောင်းလုံး ဇန်နဝါရီ ၁၁**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီက ရေဖြူကျေးရွာအုပ်စု ဝံတွင်းကျေးရွာ၊ နံနက် ၁၀ နာရီ၌ ကဒက်ငယ်ဆိပ်ကျေးရွာ၊ နံနက် ၁၁ နာရီခွဲတွင် ပြင်ချောင်းကျေးရွာများတွင် ပြည်သူများ မီးဘေးကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးဝင်းမြင့်နှင့် တပ်ဖွဲ့ဝင် ၂၀ တို့သည် အပေါ့စားရေစုပ်စက်များဖြင့် ဒေသခံပြည်သူများပါဝင်ကာ မီးငြှိမ်းသတ်ရေး သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် မီးဘေးဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူညီကယ်ဆယ်နိုင်ရန်ရည်ရွယ်၍ မြို့နယ်အတွင်း ရက်သတ္တပတ်လျှင် ကျေးရွာသုံးရွာ သတ်မှတ်ထားကြောင်း အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးဝင်းမြင့်ကပြောသည်။

စိုးထွန်း(ပြန်/ဆက်)

## ထိုင်း–မြန်မာ ခရီးသွားလာမှုဆိုင်ရာ လုပ်ငန်းမြှင့်တင်ဆောင်ရွက်ခြင်း အစည်းအဝေးကျင်းပ



**မဲဆောက် ဇန်နဝါရီ ၁၁**

ထိုင်းနိုင်ငံ တာခ့်ခရိုင် မဲဆောက်မြို့ Eco Inn ဟိုတယ်တွင် ထိုင်း-မြန်မာခရီးသွားလာမှုဆိုင်ရာ လုပ်ငန်းမြှင့်တင်ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တာ့ခ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး နိုင်ကျလွန်စင်ွနစ်ပနှင့် မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူရှိန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြဝတီခရိုင် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကရင်ပြည်နယ်အတွင်း ခရီးသွားများလည်ပတ်နိုင်သည့် အထင်ကရနေရာများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားပြီး ထိုင်း-မြန်မာနယ်စပ်တွင် ခရီးသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူရှိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးသွားဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းရှင်များနှင့် တာ့ခ်ရိုင်ဒုတိယအုပ်ချုပ်ရေးမှူး နိုင်ကျလွန်စင်ွနစ်ပနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## အသိပညာပေးဟောပြောခြင်းနှင့် ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းများ ဆောင်ရွက်

**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်တိုက်နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား လိုက်နာဆောင်ရွက်နိုင်စေပြီး ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များထုတ်ပေးခြင်းနှင့် မှုခင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက သစ်ရာကောက်ကျေးရွာ အ. ထ. က(ခွဲ) ကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

မကွေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် နယ်မြေခံစခန်းမှူးတို့ ပူးပေါင်းကာ သစ်ရာကောက်တိုက်နယ်အတွင်းရှိ ကျေးရွာများမှ တက်ရောက်လာသည့် ပြည်သူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။ အသိပညာပေးဟောပြောပွဲအပြီးတွင် ကျေးရွာသူ၊ ကျေးရွာသားများက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးယာဉ်ပေါ်တွင် ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးနိုင်ရေးအတွက် ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ သင်တန်းပို့ချဆောင်ရွက်ခဲ့ပြီး ကျေးရွာပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အမေးအဖြေပုံစံများ ဖြည့်သွင်းဆောင်ရွက်ကာ ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းနှင့်အတူ က. ည. န တိုင်းဒေသကြီးဦးစီးမှူး ဦးရဲနိုင်၊ မကွေးမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်ကျော်စိုး၊ မြန်မာ့အာမခံလုပ်ငန်းမှ ဒု-ကြီးမှူးဦးသန်းထွေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ လိုက်ပါဆောင်ရွက်ခဲ့ကြပြီး ကျေးရွာပြည်သူများကလည်း ကျေးရွာများအထိလာရောက်ကာ အသိပညာပေးဟောပြောခြင်း၊ ယာဉ်မောင်းလိုင်စင်များထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)



## ကြို့ပင်ကောက်မြို့၌ ကျောက်ခွေချရေတွင်းများ တူးဖော်အသုံးပြုမှုများပြားလာ

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် နွေရာသီရောက်လာလျှင် ရေရှားပါးမှုမှကင်းဝေးစေရန် ရေကိုနည်းလမ်းမျိုးစုံဖြင့်ရယူအသုံးပြုလာရာ မြို့အရှေ့ဘက်ရှိ ဘော်ဘင်ဆည်မှရေကို ရေလွှဲမြောင်းများမှတစ်ဆင့် မြို့နယ်အတွင်းရှိရေကန်များသို့ သွယ်ယူဖြည့်တင်းအသုံးပြုခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ခွေချရေတွင်းများသည် တွင်းအနက် ၁၅ ပေမှ ပေ ၂၀ ခန့်အထိတူးရပြီး ရေရှားပါးချိန်နွေရာသီတွင် မိသားစုသုံးရေအတွက် လောက်ငစွာ အသုံးပြုနိုင်သည်။ ကျောက်ခွေချရေတွင်း တူးဖော်အသုံးပြုသူတစ်ဦးက "ဒီရေတွင်းလေးတွေက တစ်အိမ်လုံးလောက်ငပါတယ်။ တွင်းအကျယ်က ၄ ပေလောက်ဆိုတော့ နေရာအကျယ်ကြီးမလိုဘူး။ ကုန်ကျစရိတ်ကလည်း တစ်သိန်းခွဲလောက်ဆိုတော့ အဆင်ပြေပါတယ်" ဟု ပြောသည်။

ကျောက်ခွေချရေတွင်းတူးသူ ကိုစိုးလင်းက "ရေတွင်းတစ်တွင်းကို ဆယ်ခွေအထိချရပြီး တစ်ခွေကို ခြောက်ထောင်နှုန်းပါ။ကျော်သွားရင်တော့ ကျော်တဲ့ခွေတစ်ခွေကို တစ်သောင်းနှုန်းယူတယ်။ အများဆုံးကတော့ ဆယ်ခွေလောက်ပဲတူးရပါတယ်" ဟု ပြောသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## မိတ္ထီလာတွင် ခရိုင်ရွှေးကောက်ပွဲကော်မရှင်ရုံးသစ်ဆောက်လုပ်မှု ၆၀ ရာခိုင်နှုန်းခန့်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး အဆောက်အအုံသစ်ကို ပြည်သာယာမြောက်ပိုင်းရပ်ကွက် (၁) လမ်းအနီးတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၆ ရက်မှ စတင်ဆောက်လုပ်လျက်ရှိရာ ဇန်နဝါရီလ ၁၀ ရက်တွင် ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး အဆောက်အအုံသစ်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၃၁၂၁၃သမ ၅ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး အလျားပေ ၅၀၊ အနံ ၂၅ ပေ အာရ်စီအမျိုးအစား တစ်ထပ် အဆောက်အအုံဖြစ်သည်။

ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး အဆောက်အအုံသစ်ဆောက်လုပ်မှုအား မတ်လတတိယပတ်တွင် ပြီးစီးရန် ခန့်မှန်းထားပြီး လက်ရှိအချိန်တွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ယာယီဖွင့်လှစ်ထားရှိသည်။

မိတ္ထီလာခရိုင် ရွေးကော်ပွဲကော်မရှင်ရုံး အဆောက်အအုံဆောက်လုပ်သည့်နေရာအနီးတွင် အစိုးရရုံးဌာနခြောက်ခုဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတို့၌ တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်ကာ ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ဖွင့်လှစ်ပြီးခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာခရိုင်ရုံးအဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၅၇၉



## လူငယ်မူဝါဒရေးဆွဲနိုင်ရေးအတွက် ကယားပြည်နယ် လူငယ်ကိုယ်စားလှယ် ရွေးချယ်ရေးဆွေးနွေး

**လွိုင်ကော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲနိုင်ရေးအတွက် ကယားပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များရွေးချယ်ရေးနှင့် လူငယ်အသံပါဝင်နိုင်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက လူငယ်မူဝါဒနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ကိုယ်စားလှယ်များက လူငယ်ကိုယ်စားလှယ်ရွေးချယ်မှုလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ် ၁၀၀ တက်ရောက်ကာ မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲနိုင်ရေးအတွက် လူငယ်မူဝါဒတွင် ပါဝင်ရမည့်အချက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များက ဦးဆောင်၍ အုပ်စုအလိုက်ဆွေးနွေးကြပြီး တက်ရောက်လာကြသော လူငယ်များက လူငယ်ကိုယ်စားလှယ်ကိုးဦးကို ဦးစွာရွေးချယ်ခဲ့သည်။

လူငယ်များ၏ဆန္ဒအရ ရွေးချယ်ထားသော လူငယ်ကိုယ်စားလှယ်ကိုးဦးက ၎င်းတို့အချင်းချင်းအပြန်အလှန်မဲပေးရွေးချယ်ကြကာ လူငယ်ကိုယ်စားလှယ်သုံးဦးကို အတည်ပြုရွေးချယ်ခဲ့သည်။

ကယားပြည်နယ်မှ ရွေးချယ်ထားသော လူငယ်ကိုယ်စားလှယ်သုံးဦးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များအချင်းချင်း လူငယ်မူဝါဒနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များ ပညာပေးရှင်းလင်းဆွေးနွေး



**ခင်ဦး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ပညာပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးငွေတင့်က စားသုံးသူအကာကွယ်ပေးရေး ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သီတာလွင်က မြေဩဇာနှင့် ပြင်ဆင်သည့် ဥပဒေများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် နည်းပါးရေး၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ် ရောင်းချစေရေးတို့ကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးစေ့ဥပဒေ၊ နည်းဥပဒေနှင့် မျိုးစေ့အရည်အသွေး ပြည့်မီပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသောမျိုးစေ့များ ထုတ်လုပ်ရောင်းချနိုင်ရေးတို့ကိုလည်းကောင်း အသီးသီးပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရောင်းချနေသော ဓာတ်မြေဩဇာအရောင်းဆိုင်များ၊ ပိုးသတ်ဆေးအရောင်းဆိုင်များနှင့် မျိုးစေ့ထုတ်လုပ်သူများ အသင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

## မြောက်ဦးမြို့ အလယ်ဈေးတံတား ကျောက်စီကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်မှုမကြာမီပြီးစီးမည်

**မြောက်ဦး ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ အာရ်စီကွန်ကရစ်တံတားဖြစ်သော အလယ်ဈေးတံတား ကြံ့ခိုင်ရေးအတွက် ကျောက်စီကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ခရိုင်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လမ်းအထူးအဖွဲ့(၁၇) က တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အာရ်စီကွန်ကရစ် အလယ်ဈေးတံတားတစ်စင်းဖြစ်ပြီး အလယ်ဈေးချောင်းကို ဖြတ်သန်းဆောက်လုပ်ထားကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တံတားရေတိုက်စားမှုမရှိစေရေးနှင့် ရေရှည်ကြံ့ခိုင်မှုရှိစေရန်အတွက် ခရိုင်လမ်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျောက်စီမြေထိန်းနံရံကို တည်ဆောက်ပေးခြင်းဖြစ်သည်။ ယခုကျောက်စီကွန်ကရစ် မြေထိန်းနံရံတည်ဆောက်သောနေရာသည် နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် လေးမြို့မြစ် ရေကြီးရေလျှံမှုများကြောင့် လမ်းဇရိယာ ရေနစ်မြုပ်၍ ခရီးသွားမော်တော်ယာဉ်များသွားလာရ ခက်ခဲခြင်း၊ အနီးအနားရှိ လူနေအိမ်များရေနစ်မြုပ်မှုများဖြစ်ပေါ်ခြင်း၊ မြို့သူ၊ မြို့သားများ သွားလာရေး အခက်အခဲများ နှစ်စဉ်ကြုံတွေ့ရသောကြောင့် အလယ်ဈေးတံတားအရှေ့ဘက်ကမ်း ကျောက်စီမြေထိန်းနံရံနှင့် မြေသားဖို့တည်ဆောက်ခြင်းလုပ်ငန်းကို လမ်းအထူးအဖွဲ့ (၁၇) က စက်ယန္တရားများဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး



**ကသာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မြို့တော်ခန်းမ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ဇန်နဝါရီ၁၀ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက လူ့အခွင့်အရေးနှင့်ပတ်သက်၍ သိလိုသည့်အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ကျိုက်ဒုံမြို့တွင် သားဆက်ခြားပညာပေးဟောပြော

**ကျိုက်ဒုံ ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ ပြည်သူ့ဆေးရုံ ပတ္တမြားခန်းမ၌ ငါးနှစ်ခံ သားဆက်ခြားပစ္စည်း လက်မောင်းတွင်း ထည့်သွင်းခြင်းအကြောင်း ဟောပြောခြင်းနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက်နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူးဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး တိုက်နယ် ဆရာဝန်မန်းမင်းနိုင်ဦးက သားဆက်ခြားခြင်းနှင့် ငါးနှစ်ခံ သန္ဓေတားပစ္စည်းအကြောင်း ဟောပြောခဲ့ကာ တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တိုက်နယ်ဆရာဝန်က ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ငါးနှစ်ခံ သားဆက်ခြားပစ္စည်းများအကြောင်း လက်ကမ်းစာစောင်များအား လိုက်လံဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျိုက်ဒုံနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းမင်းထွဋ်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေး ဟောပြောခဲ့သည်။ **ကျိုက်ဒုံ(ပြန်/ဆက်)**







ရန်ကုန် – ရွှေဆောင်၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ မင်္ဂလာဂမုန်းပွင့် (လှည်းတန်း – စံရိပ်ငြိမ်)၊ JCGV (Junction Square)၊ JCGV (Junction Mawtin)၊ နဝဒေး (မရမ်းကုန်း)၊ ရွှေဗဟိုရ် (တာမွေ)၊ မြရတနာ (သာကေတ)၊ ကန်သာယာ (မြောက်ဥက္ကလာ)၊ မြဟံသာ (သန်လျင်)၊
မန္တလေး – မင်္ဂလာဒိုင်းမွန်၊ မင်္ဂလာမန်းနေပြည်တော်၊ JCGV၊ မြို့ဂွက်ရောင်၊ နေပြည်တော် – JCGV၊ အောင်သပြေ၊ ဇေယျာသီရိ၊ ပြည် – မင်္ဂလာထွန်းသီရိ၊ ပဲခူး – မင်္ဂလာ (Icon Shopping Mall)၊
တောင်ငူ – New 3D၊ မော်လမြိုင် – JCGV၊ တောင်ကြီး – မြသုခ၊ လားရှိုး – သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပြင်ဦးလွင် – Movie Planet၊ ချယ်ရီလွင်၊ ပခုက္ကူ – သီဟ၊ ဖန်းမော် – စတား၊
ရေနံချောင်း – ရတနာ၊ ပုသိမ် – ရွှေပြည်တော်၊ မြဝတီ – သွန်းရွှေစင်၊ ဘားအံ – တက်နေဝင်။ ဦးဆောက်ပန်း၊ မြိတ် – မြိတ်မင်္ဂလာ **အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တပြိုင်နက်ပြပြီ**

## VICTORIA UNIVERSITY COLLEGE
## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ (သို့မဟုတ်) IGCSE (O Level) အောင်မြင်ပြီးသူများသည် အောက်ဖော်ပြပါ ဘာသာရပ်များအနက် မိမိဝါသနာ စိတ်အားထက်သန်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်သင်ယူနိုင်သည်။

(က) Engineering (Civil/ Mechanical/ Mechatronics/ Electrical and Electronics)
(ခ) Health and Social Care
(ဂ) Business (Management/ Marketing/ Accounting/ HR/ Hotel Management)
(ဃ) Computing (Software Engineering/ Network Engineering/ Systems Development)

- HND အတွက် ၂နှစ်ခွဲ သင်ယူရမည်ဖြစ်သည်။ BE(Hons:), BSc(Hons:), BA(Hons:), BBA(Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲသင်ကြားပို့ချသည့် အတန်းတွင် (၁)နှစ် ဆက်လက်သင်ယူရမည်။
- QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)
